ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ကဆုန်လပြည့်ကျော် ၅ ရက်၊ စနေနေ့၊ (8-5-2004) (၄၂၂၇)

ကတညုတာ
တော် မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ဗေယျာသီရိမိမာန်၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မူဟာမက် နာဝပ်ဇ် ချောင်ဒရီအား ကုန်းမြင့်သာရှိ ဗေယျာသီရိမိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မူဟာမက် နာဝပ်ဇ် ချောင်ဒရီသည် ယနေ့ နံနက် ၁၀နာရီတွင် ကုန်းမြင့်သာရှိ ဗေယျာသီရိမိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မူဟာမက် နာဝပ်ဇ် ချောင်ဒရီက ကုန်းမြင့်သာရှိ ဗေယျာသီရိမိမာန်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ
၁၉၆၉၇၂

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၈-၅-၂၀၀၄
(စနေနေ့)

ပြည်သူနှင့်တစ်စိတ်တည်းတစ်ဝမ်းတည်းနေထိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အားကြိုးမာန်တက်ဆောင်ရွက်

ယနေ့အချိန်အခါသည် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ညီညွတ်သောစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်ဖြစ်သည်။

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ခေတ်မီအင်အားတောင့်တင်းသည့် တပ်မတော်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တည်ဆောက်သွားရမည်ဖြစ်သည်။ အမျိုးသားနိုင်ငံရေးကို အစဉ်ရှေးရှုဆောင်ရွက်ခဲ့သော တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝစဉ် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

ပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသည့် မျိုးချစ်တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေး တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

တပ်မတော်သားတိုင်းက နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို မြင့်မြင့်မားမား ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ရေးအတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များ အဘက်ဘက်က မြင့်မားတိုးတက်လာစေရန် အစဉ်လေ့ကျင့် ကြိုးပမ်းလျက်ရှိနေကြသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားကို မေလ ၆ ရက်နေ့က ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိန့်ခွန်းပြောကြားရာတွင် **နေရာဒေသအနှံ့အပြားကိုရောက်ရှိကြမယ့် ရဲဘော်တို့ဟာ တာဝန်ကျရာဒေသကို ကိုယ့်ဇာတိရပ်ရွာလို့ သဘောထားပြီး ဒေသစီးပွားတိုးတက်ရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို အားကြိုးမာန်တက် ဆောင်ရွက်ခြင်းဖြင့် မိဘပြည်သူကို လုပ်ကျွေးပြုစုကြရမယ်။ ထို့အတူပဲ ပြည်သူ့စစ်မဟာဗျူဟာအတွက် အသားတကျဖြစ်နေအောင် ပြည်သူနဲ့ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း နေထိုင်သွားကြရမယ်** ဟူ၍ မှာကြားခဲ့သည်။

ပြည်သူ့စစ်မဟာဗျူဟာဆိုသည်မှာ ပြည်သူတစ်ရပ်လုံးက တပ်မတော်ကိုမဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။

ယနေ့ကာလတွင် တပ်မတော်အစိုးရနှင့် ပြည်သူတို့ အတူလက်တွဲပြီး ပြည်ထောင်စုကြီးတစ်ဝန်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တို့ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်သည်။

အခြားတစ်ဖက်မှ ပြည်တွင်း ပြည်ပအဖျက်သမားများကလည်း နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို နည်းလမ်းမျိုးစုံဖြင့် ထိပါးနှောင့်ယှက်လျက်ရှိနေကြသည်။ ထို့ကြောင့် သင်တန်းဆင်းအရာရှိများက ထိုအချက်ကို မပြတ်သတိပြုဆင်ခြင်ပြီး ပြည်တွင်း၊ ပြည်ပအဖျက်ရန်စွယ်မှန်သမျှကို တွန်းလှန်ချေမှုန်းရေးအတွက် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား တိုက်ရည်ခိုက်ရည်ကောင်းကောင်းဖြင့် တိုက်ပွဲဝင်သတိ အစဉ်ရှိနေကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သင်တန်းဆင်း တပ်မတော်အရာရှိများအနေဖြင့် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသော ခံယူချက်ဖြင့် တိုင်းရင်းသားပြည်သူတို့နှင့်အတူ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း နေထိုင်သွားကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်းဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၇

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ည ၇နာရီတွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်ချီးမြှင့်သည်။ (အပေါ်ပုံ)

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗထူးတပ်နယ်မှူးနှင့် ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ဂုဏ်ပြုညစာသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ ဗထူးတပ်နယ်မှ မိသားစုများ၊ တေးသံရှင်များနှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ ဆရာဝန်အသင်းဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေးကို မေ ၂၂ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

Computer Worm သတိပေးချက်ထုတ်ပြန်

ရန်ကုန် မေ ၇

Sasserအမည်ရှိ Computer Wormတစ်မျိုးသည် မေလဆန်းမှစ၍ အင်တာနက်မှတစ်ဆင့် ကွန်ပျူတာများပေါ်တွင် ပျံ့နှံ့လျက်ရှိသည်။ ၎င်းတွင် Sasser A.B.C.နှင့် Dဟူ၍ မျိုးကွဲလေးမျိုးရှိသည်။ ကွန်ပျူတာ Virus ကာကွယ်ရေးကုမ္ပဏီများ၏ ခန့်မှန်းချက်အရ ကမ္ဘာတစ်ဝန်းလုံးတွင် ကွန်ပျူတာ တစ်သန်းကျော်ကို ထိခိုက်စေခဲ့ကြောင်း သိရှိရသည်။ ဤ Wormများသည် ကွန်ပျူတာစနစ်ထဲရှိ အချက်အလက်များကို ဖျက်ဆီးခြင်းမရှိသော်လည်း ကွန်ပျူတာလုပ်ငန်းစွမ်းဆောင်မှုကိုနှောင့်နှေးစေသည်။ ကွန်ပျူတာ Virus များမှာ e-mailကို ဖွင့်လိုက်ခြင်းကဲ့သို့သော လူ၏ လုပ်ဆောင်ချက်တစ်ခုခုကြောင့်သာ ပြန့်ပွားနိုင်သော်လည်း Worm များမှာ ကွန်ပျူတာ Operation System ၏ အားနည်းချက်ကို ရှာဖွေ၍ အလိုအလျောက်ပြန့်ပွားနိုင်သည်။ ၎င်း Sasser Wormကို ဖယ်ရှားရန်အတွက် McAfeeနှင့် Norton Websiteများမှ ၎င်း Wormကို ဖယ်ရှားသည့် Softwareကို Download ပြုလုပ်ပြီး ဖယ်ရှားနိုင်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

အီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းရာတွင် ပါဝင်ခဲ့သည့် ကန်တပ်ဖွဲ့ဝင်များအား နိုင်ငံတကာခုံရုံးတွင် စစ်ဆေးရန်တောင်းဆို

ကိုင်ရို မေ ၅

အီရတ်အကျဉ်းသားများအား ဂုဏ်သိက္ခာကျဆင်း အရှက်ကွဲစေသည့် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ရာတွင် ပါဝင်ခဲ့သည်ဟု သင်္ကာမကင်းဖြစ်ရသော အမေရိကန်တပ်ဖွဲ့ဝင်တို့ကို နိုင်ငံတကာ ခုံရုံးတွင် စစ်ဆေးရန် တောင်းဆိုနေကြစဉ် ဒေါသထွက်မှုနှင့် နာကြည်းမှုဂယက်များသည် အာရပ်ကမ္ဘာမြို့တော်များဆီသို့ ရိုက်ခတ်သွားသည်။

အီဂျစ်အတိုက်အခံ သတင်းစာ အယ်လ်–ဝက်ဖ်က အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များ၏ မတရား အနိုင်ကျင့်ခံရသူ အီရတ်နိုင်ငံသူ အချို့၏ ဓာတ်ပုံလေးပုံကို မျက်နှာဖုံး သတင်းအဖြစ် ဝေဝေဆာဆာ ဖော်ပြထားသည်။

အီရတ်နိုင်ငံ သိမ်းပိုက်ရေးအမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်အမျိုးသမီးများကို သေနတ်ပြကာ အဓမ္မပြုကျင့်ပုံ စသည်ဖြင့် အဆိုပါသတင်းစာက ခေါင်းစီးစာလုံးများဖြင့် ရေးသားသည်။

အီဂျစ်လူ့အခွင့်အရေးအဖွဲ့အစည်း (အီးအိုအိပ်ချ်အာ)က ယင်းတိုက်ခိုက်မှုတွင် ပူးပေါင်းပါဝင်လာပြီး အမေရိကန် ပြည်ထောင်စုကို အပြင်းအထန်ပုတ်ခတ်တိုက်ခိုက်ကာ ကုလသမဂ္ဂက ယင်းကိစ္စနှင့် ပတ်သက်၍ တာဝန်ရှိသူများအား စစ်ဆေးနိုင်ရန် နိုင်ငံတကာခုံရုံးဖွဲ့စည်းရေးကို တောင်းဆိုလိုက်သည်။

သတင်းတွင် ဖော်ပြထားချက်များသည် လူ့အခွင့်အရေး လှုပ်ရှားသူများအတွက် တုန်လှုပ်ချောက်ချားမှု ဖြစ်စေကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့သော နှိပ်စက်ညှဉ်းပန်းမှုသည် တတိယကမ္ဘာအတွက် ကန့်သတ်ချုပ်ချယ်မှုများ ဖြစ်သောကြောင့် ဖြစ်ကြောင်း အီးအိုအိပ်ချ်အာ အတွင်းရေးမှူးချုပ် အဘူဆာဒါက ပြောကြားသည်။

ဆူဒန်နိုင်ငံခြားရေးဝန်ကြီးက ဖော်ပြပါနှိပ်စက်ညှဉ်းပန်းမှု ကိစ္စအတွက် အလေးအနက် ဝမ်းနည်းရကြောင်း ထုတ်ဖော် ပြောကြာပြီး အီရတ်နိုင်ငံ သိမ်းပိုက်မှု အဆုံးသတ်ရေးကို တိုက်တွန်းလိုက်သည်။

အာရပ်စော်ဘွားများနိုင်ငံမှနေ့စဉ် သတင်းစာ အယ်လ်ခါလီက ယင်းကိစ္စသည် ရက်စက် ယုတ်မာမှုဖြစ်ကြောင်း၊ ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းထောင်မှ အီရတ်အကျဉ်းသားအား နှိပ်စက်ကလူပြုသည်ဟု သင်္ကာမကင်းဖြစ်ရသည့် အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် ကျေနပ်လက်ခံနိုင်စရာမရှိကြောင်း ရေးသားသည်။ ***အင်တာနက်။***

မေ၅ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းထောင်အပြင်ဘက်တွင် ထိန်းသိမ်းခံထားရသည့် အီရတ်များကို ပြန်လွှတ်ပေးရန် ဆန္ဒပြတောင်းဆိုနေသည့် အီရတ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်။)*

အီရတ်တွင် အိန္ဒိယအလုပ်သမားများကို အဓမ္မစေခိုင်းမှု အသေးစိတ်အခြေအနေများသိလိုဟု အမေရိကန်သံရုံးကို တောင်းဆို

နယူးဒေလီ မေ ၆

အိန္ဒိယလူမျိုးအလုပ်သမားများသည် စစ်ကြောင့်ပျက်စီးနေသော အီရတ်နိုင်ငံတွင် ၎င်းတို့၏ ဆန္ဒနှင့် ဆန့်ကျင်၍ နေထိုင်နေကြရပြီး အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်းခံနေရသည်ဟူသော စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာသတင်းများထွက်ပေါ်လာသည်။ ထိုသတင်းများနှင့် ပတ်သက်၍ အသေးစိတ်အခြေအနေကိုသိလိုကြောင်း၊ အိန္ဒိယနိုင်ငံက ယင်းနိုင်ငံရှိ အမေရိကန်သံရုံးကို ပြန်လည်ဖြေကြားပေးရန် မေတ္တာရပ်ခံတောင်းဆိုထားသည်။

အိန္ဒိယနိုင်ငံက အမေရိကန်သံရုံးကို မေတ္တာရပ်ခံမေးမြန်းရာ၌ အီရတ်တွင် အဓမ္မခိုင်းစေခံနေရသော အိန္ဒိယလူမျိုး အရေအတွက်နှင့် အီရတ်တွင်မနေလိုဘဲ ၎င်းတို့၏ ဆန္ဒနှင့် ဆန့်ကျင်ပြီး ဆက်လက် နေထိုင်နေကြရသော အိန္ဒိယလူမျိုး အရေအတွက်ကို သိလိုသည်ဟုပါရှိကြောင်းအိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူကပြောကြား သည်။သက်ဆိုင်ရာ အိန္ဒိယသံရုံးများက အလားတူစုံစမ်းမှုများကို အီရတ်၊ ဆီးရီးယားနှင့် ကူဝိတ်နိုင်ငံများရှိ အာဏာပိုင်များထံတွင်လည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံတွင် လှုပ်ရှား နေကြသော ကန်ထရိုက်တာများသည် အိန္ဒိယနိုင်ငံသား အချို့ကို ၎င်းတို့၏ ဆန္ဒနှင့် ဆန့်ကျင်ပြီး အတင်းအကျပ်စေခိုင်းခြင်း ခံနေရသည်ဆိုသောစိတ် အနှောင့်အယှက်ဖြစ်ဖွယ်ရာ သတင်းများ ထွက်ပေါ် လာသည့်အတွက် စိုးရိမ်မှုများရှိလာသည်ဟုပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

အိန္ဒိယလူမျိုး အလုပ်သမားများကို အီရတ်နိုင်ငံသို့မစေလွှတ်ရန် ပိတ်ပင်ထားသော်လည်းအိန္ဒိယ အလုပ်သမားဟောင်း ၁၅၀၀တို့ကို အီရတ်သို့ စေလွှတ်ခဲ့ကြောင်းသိရသည်။ထိုသတင်းနှင့်ပတ်သက်၍ သိရှိနိုင်ရေးစုံစမ်းရန် အမိန့်ထုတ်ထားပြီးဖြစ်သည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ရပ်ဝန်ဆင်းဟာက ပြောကြားသည်။

အီရတ်နိုင်ငံတွင်လုံခြုံရေးအခြေအနေများဆိုးရွား လာသောကြောင့် ဧပြီ ၁၅ရက်မှစ၍ အိန္ဒိယလူမျိုးများ အီရတ်သို့ သွားရောက်သည်ကို တားမြစ်ထားခဲ့သည်။ အီရတ်၏ လုံခြုံရေး အခြေအနေများကောင်းမွန်လာမှသာ ပိတ်ပင်ထားသည့် တားမြစ်ချက်ကို ဖယ်ရှားပေးမည်ဖြစ်ကြောင်း အိန္ဒိယက ရှင်းလင်းစွာဖော်ပြထားပြီးဖြစ်သည်။ ***အမ်အင်အေ၊ ပီတီအိုင်။***

အဘူဂါရိပ်အကျဉ်းထောင်မှ အကျဉ်းသားများ လွှတ်ပေးရန် အီရတ်လူမျိုးများ တောင်းဆို

အဘူဂါရိပ်(အီရတ်) မေ ၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ဝန်းကျင်ရှိ အဘူဂါရိပ်အကျဉ်းထောင် အပြင်ဘက်တွင် ဆန္ဒပြသူရာ ပေါင်းများစွာတို့သည် ထိုထောင်၌ အကျဉ်းကျခံနေရသော ၎င်းတို့၏ ဆွေမျိုးသားချင်းများကို ပြန်လွှတ်ပေးရန် ဗုဒ္ဓဟူးနေ့က ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ ၎င်းအကျဉ်းထောင်တွင် အမေရိကန်တပ်ဖွဲ့ဝင် များက အီရတ်အကျဉ်းသားများကို မဖွယ်မရာပြုလုပ်ကာ ညှဉ်းပန်းနေကြသောဓာတ်ပုံများကို ရိုက်ယူခဲ့သော အကျဉ်းထောင် ဖြစ်သည်။

ဆန္ဒပြသူများသည် အီရတ်နိုင်ငံအလံနှင့် အင်္ဂလိပ်စာဖြင့် ရေးသားထားသော အမေရိကန်ဆန့်ကျင်ရေး စာတန်းပိုစတာများကို ကိုင်ဆောင်လာကြသည်။ စာတန်းတစ်ခုတွင် သင်တို့၏လုပ်ရပ်များကြောင့် အမေရိကန်များနှင့် သင်တို့အမျိုးအနွယ်များ သိက္ခာကျရပြီဟု ဖော်ပြထားသည်။

အီရတ်အကျဉ်းသားများကို ညှဉ်းဆဲသည်၊ မဖွယ်မရာပြုသည်ဆိုသော ကိစ္စကြောင့် အီရတ်နိုင်ငံတစ်ဝန်းတွင် အမေရိကန်ဆန့်ကျင်ရေး စိတ်ဓာတ်များနိုးကြား ပျံ့နှံ့လျက်ရှိသည်။ လာမည့်လပိုင်းတွင် အီရတ်တို့ထံသို့ အမေရိကန်များက အချုပ်အခြာအာဏာကို ပြန်လည်လွှဲအပ်ပေးရန်စီစဉ်နေသည်။ ထိုကာလအတောအတွင်း အီရတ်များ အကြားတွင် အမေရိကန်တို့အပေါ် အဆိုးမြင်နေကြသော အီရတ်များ၏အမြင်ကို ပြောင်းလဲလာစေရေးအတွက် အမေရိကန်က အကြီးအကျယ် ကြိုးစားလျက်ရှိသည်ဟု ဆိုသည်။

သိမ်းပိုက်ရေးတပ်များက ဖမ်းဆီးထားသော အီရတ် အကျဉ်းသား ၁၀၀၀ခန့်တို့၏ ဆွေမျိုးသားချင်းများက အထိန်းသိမ်းခံ အီရတ်များကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

အမေရိကန်များသည် မိမိ၏ရင်သွေးငါးဦးကို ဖမ်းဆီးထားကြသည်။ ထိုလုပ်ရပ်သည် ရာဇဝတ်မှုဖြစ်ပါသည်ဟု အကျဉ်းထောင်စစ်ဆေးရေးဂိတ်အနီးတွင် မိခင်တစ်ဦးက အော်ဟစ်ပြောပြရှာသည်။ အဘူဂါရိပ်အကျဉ်းထောင် ပတ်ပတ်လည်တွင် ဖောက်ခွဲမှုဟန့်တားရေးအကာအကွယ်များ၊ ထိမိလျှင်ရှနိုင်သော သွပ်ဆူးဝါယာကြိုးများနှင့် ထောင်နံရံများပေါ်တွင် စက်သေနတ်တင်ထားသည့် ကင်းမျှော်စင်များ အပြည့်ဝိုင်းရံထားသည်။ ဆွန်နီအုပ်စုအဖွဲ့မှကိုယ်စားလှယ်က အမေရိကန်တို့၏ ကျူးလွန်မှုသည် လက်တုံ့ပြန်မှုကို ဖိတ်ခေါ်နေသောလုပ်ရပ်များပင်ဖြစ်သည်။ ထိုလုပ်ရပ်အတွက် ယင်းတို့ အပေါ်လုံးလုံးလျားလျားတာဝန်ရှိစေရမည် ဖြစ်သည်ဟု အဆိုပါကိုယ်စားလှယ်က ဆက်လက်ပြောကြားခဲ့သည်။

အနည်းဆုံး အီရတ်အကျဉ်းသားနှစ်ဦးမှာ အမေရိကန် တပ်ဖွဲ့ဝင်များသို့မဟုတ် ကန်ထရိုက်တာများ၏ သတ်ဖြတ် ခြင်းကို ခံခဲ့ရကြောင်း အမေရိကန်စစ်ဘက်က ဝန်ခံခဲ့သည်။ယခုအခါအမေရိကန်ဗိုလ်ချုပ်တစ်ဦးကို အီရတ်စစ်ဘက် ထောင်ပြုပြင်ရေး ကိစ္စများဆောင်ရွက်ရန် တာဝန်ပေးခဲ့သည် ဟု သိရသည်။ ယခုတာဝန်ပေးခြင်းခံရသော ဗိုလ်ချုပ်သည် ကျူးဘားနိုင်ငံရှိ အမေရိကန် ဂွါတာနာမို အကျဉ်းစခန်း ပြုပြင်ရေးကိစ္စများကို တာဝန်ယူခဲ့ရသူ တစ်ဦးဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဆာဒါး၏ ပြောက်ကျားတို့ကန်တပ်ဖွဲ့ဝင်များနှင့် ပစ်ခတ်မှုဖြစ်ပွား အမေရိကန် တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် မေ ၆

ဒါဝါနီယာမြို့အနီးတွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် မိုတာဒါ ဆာဒါး ခေါင်းဆောင်သောအဖွဲ့မှ အီရတ် ခုခံရေးသမားများတွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရကြောင်း ဗုဒ္ဓဟူးနေ့ထုတ် စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ဆာဒါး၏ သစ္စာခံ မာဒီတပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့၏ တောင်ဘက်ရှိ အဆောက်အအုံ နှစ်ခုကို အသုံးပြုပြီး အမေရိကန်များကို တိုက်ခိုက်ခဲ့ကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက ထိုအဆောက်အအုံနှစ်ခုကို အင်္ဂါနေ့က စီးနင်းရန်ကြိုးပမ်းစဉ် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးကြရခြင်းဖြစ်သည်ဟုဆိုသည်။ ထိုစစ်ဆင်ရေးတွင် မိုတာဒါဆာဒါး ရုံးဖွင့်ထားသည်ဆိုသော အဆောက် အအုံနှင့်၎င်းနှင့် ဘေးချင်းကပ် အဆောက်အအုံတို့လည်းပါဝင်ကြောင်းဖော်ပြထားသည်။ သေဆုံးသွားသူတပ်ဖွဲ့ဝင်များမှာအမှတ်(၁)သံချပ်ကာတပ်နှင့် အမှတ်(၂)တင့်ကားတပ်တို့မှ ဖြစ်ကြောင်းသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မေ၅ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်အတွင်း ထိန်းသိမ်းထားသူများကို မျှော်စင်ပေါ်မှနေ၍ စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆာဒါးမြို့ မြူနီစီပါယ်ကောင်စီဥက္ကဋ္ဌ လုပ်ကြံသတ်ဖြတ်ခံရ

ဘဂ္ဂဒက် မေ ၆

ဘဂ္ဂဒက်မြို့တော်ဆင်ခြေဖုံး ဆာဒါးမြို့ မြူနီစီပါယ်ကောင်စီဥက္ကဋ္ဌ ဆွာဒီရာတီအား အမည်မသိတိုက်ခိုက်ရေးသမားများက သတ်ဖြတ်ပြီး ၎င်း၏အလောင်း ကို လျှပ်စစ်ဓာတ်မီးတိုင်တွင် ချိတ်ဆွဲထားကြောင်း အက်ဇာမန်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြလိုက်သည်။အမေရိကန်များနှင့် ပူးပေါင်းသည်ဟု စွပ်စွဲကာ ဆွာဒီရာတီအား ယင်းသို့ လုပ်ကြံသတ်ဖြတ်လိုက်ခြင်းဖြစ်သည်ဟု ရင်းနှီးသော သတင်းရပ်ကွက်က ပြောဆိုသည်။ ဘဂ္ဂဒက်ကောင်စီမှ ကော်မတီတစ်ရပ်က ထိုအမှုကိုစတင်စုံစမ်းစစ်ဆေးပြီဟု အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။ အိမ်နီးချင်းများနှင့် တကွရင်းနှီးသူများက ရာတီမှာ အနီးပတ်ဝန်းကျင်ပြည်သူများအတွက် ကိုယ်ကျိုးစွန့်ထားသူဖြစ်ကြောင်း၊ အမေရိကန်တို့နှင့် သူဆက်ဆံသည်မှာလည်း အများပြည်သူအကျိုးစီးပွားအတွက်ဖြစ်ကြောင်း ပြောကြားကြသည်ဟု သတင်းတွင်ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်အကျဉ်းသားများနှိပ်စက်မှု ကုလသမဂ္ဂစစ်ဆေးသင့်ဟုဆို

မော်စကို မေ ၆

အီရတ်ရှိ အမေရိကန်နှင့် ဗြိတိသျှ တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား နှိပ်စက်နေသည့် စွပ်စွဲချက်များအား ကုလသမဂ္ဂက စစ်ဆေးသင့်ကြောင်း ရုရှားထိပ်တန်း သံတမန်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြလိုက်သည်။

မီဒီယာသတင်းက အီရတ်အကျဉ်းသားများ နှိပ်စက်ခံရသည့် ဓာတ်ပုံများဖော်ပြပြီးသည့်နောက် ဗြိတိသျှနှင့် အမေရိကန်အစိုးရက ယင်းနှိပ်စက်ညှဉ်းပန်းမှုကိစ္စအား စုံစမ်းစစ်ဆေးမှု စတင်ခဲ့သည်။

ယင်း နှိပ်စက်ညှဉ်းပန်းမှုသည် လူ့အခွင့်အရေး ပြတ်ပြတ်သားသား ချိုးဖောက်မှုပင်ဖြစ်ကြောင်း၊ ယင်းကိစ္စသည် အီရတ်နိုင်ငံ ဥပဒေစိုးမိုးရေး ဆောင်ကြဉ်းနေသည့် လုပ်ငန်းစဉ်အား ရှုပ်ထွေးစေပြီး အီရတ်ပြည်တွင်းတွင် ပြည်ပသိမ်းပိုက်ရေးကို ပိုမို၍ရှုံ့ရှာစက်ဆုပ်စေမှုကို တိုးပွားစေခဲ့ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီ ဖီဒိုတော့ဗ်က အင်တာဖက် သတင်းဌာနအားပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် အကျဉ်းသားများကို မလျော်မကန် ပြုလုပ်မှု အမေရိကန်ကွန်ဂရက် ချိန်ချိန်ဆဆဆောင်ရွက်သင့်

ဝါရှင်တန် မေ ၆

အမေရိကန်တွင် ဥပဒေပြဋ္ဌာန်းသူများက အီရတ်တွင် ဖြစ်ပွားခဲ့သည့် အကျဉ်းသားများအပေါ် မလျော်မကန်ပြုလုပ်သည့်ကိစ္စကို ဖော်ထုတ်စုံစမ်းပေးရန် အင်္ဂါနေ့က တောင်းဆိုခဲ့ကြသည်။ ထိုဖြစ်ရပ်ကြောင့် အီရတ်ပြဿနာကို ဖြေရှင်းရာ၌ အဟန့်အတားဖြစ်စေနိုင်သည်ဟုလည်း ၎င်းတို့က ပြောကြားသည်။ အမေရိကန်စစ်ဘက်၏ ဒုတိယအကြီးဆုံးအရာရှိကလည်း ယခုဖြစ်ရပ်သည် စည်းကမ်း ထိန်းသိမ်းမှုအပိုင်းတွင် လုံးဝကျဆင်းနေသည့်အချက်ကို ပြသနေခြင်းဖြစ်သည်ဟုဆိုသည်။

အီရတ်အကျဉ်းသားများအပေါ် အမေရိကန်တပ်ဖွဲ့ဝင်များက မလျော်မကန် ပြုသည့်ဖြစ်ရပ်ကို အီရတ်များအကြားတွင် ဝေဖန်ပြောဆိုမှုများ ပိုမိုကျယ်လောင်လာလျက်ရှိသည်။ ထိုဖြစ်ရပ်နှင့် ပတ်သက်၍ အမေရိကန် ကွန်ဂရက်သည် ချိန်ချိန်ဆဆ ဆောင်ရွက်သင့်သည်ဟု ရီပတ်ဘလီကင်နှင့် ဒီမိုကရက်လွှတ်တော်အမတ်များက ပြောကြားခဲ့ကြကြောင်း သိရသည်။

အီရတ်နိုင်ငံနှင့် အာဖဂန်နိုင်ငံများတွင် အကျဉ်းသား ၂၅ဦး သေဆုံးမှုနှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်မှ စုံစမ်းမှုများပြုလုပ်ခဲ့သည်။ ထိုစုံစမ်းမှုအရ အကျဉ်းသားနှစ်ဦးတို့ကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် စီအိုင်အေ ကန်ထရိုက်တာ တစ်ဦးတို့က သတ်ဖြတ်ခဲ့ကြောင်း စုံစမ်းသိရှိရသည်ဟုဆိုသည်။

အကျဉ်းသားများကို မဖွယ်မရာပြုသည့်လုပ်ရပ်သည် စက်ဆုပ်ရွံမုန်းစရာကောင်းပြီး အမေရိကန်တို့အတွက် သိက္ခာကျဆင်းစေသော ကိစ္စဖြစ်ကာ ကျယ်ပြန့်စွာ နစ်နာထိခိုက်စေသော ကိစ္စရပ်လည်း ဖြစ်သည်ဟုဆိုသည်။ မိမိတို့၏ လုပ်ဆောင်ချက်များသည် ယခုကိစ္စကြောင့် အရာမထင်သည့် အဖြစ်သို့ရောက်ရပြီဖြစ်ကြောင်း ဘီလ်ဖတ်ကပြောကြားသည်။ ၎င်းသည် အထက်လွှတ်တော်၏ လူများစုခေါင်းဆောင် တင်နက်ဆီပြည်နယ် ရီပတ်ဘလီကင် အမတ်ဖြစ်သည်။

ညှဉ်းပန်း

အီရတ်နိုင်ငံ အဘူဂါရိပ် အကျဉ်းထောင်တွင်အီရတ်အကျဉ်းသားများကို မတော်မတရား ညှဉ်းပန်းနေသော အမေရိကန် တပ်ဖွဲ့ဝင်များ၏ပုံများပါသည့် သတင်းများမှာ ရုပ်သံမှလည်းကောင်း၊ သတင်းစာနယ်ဇင်းများမှလည်းကောင်း ကမ္ဘာအနှံ့ ပျံ့ကုန်သည်။ အထက်ပါ ဖြစ်ရပ်ကြောင့် အမေရိကန် တပ်ဖွဲ့ဝင် ခြောက်ဦးကို ပြင်းပြင်းထန်ထန် ရှုတ်ချသတိပေးထားပြီး အခြား ခြောက်ဦးမှာလည်း ရာဇဝတ်ကြောင်းအရ အရေးယူခံနေရ သည်ဟု ဆိုသည်။

အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှုကိစ္စ ကြောင့် အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီ ရှေ့မှောက်တွင် အမေရိကန်ဒုတိယ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျော့ကာဆေးက အစီရင်ခံ တင်ပြခဲ့သည်။ထိုသို့တင်ပြအပြီးတွင်ဗိုလ်ချုပ်ကြီးက ယခုကိစ္စသည် စည်းကမ်းထိန်းသိမ်းမှု အပိုင်းလုံးဝ ပျက်ယွင်းနေသည့် လုပ်ရပ်ပင် ဖြစ်ကြောင်း ပြောကြားသွားသည်။

အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက မဖွယ်မရာပြုသည့် ကိစ္စကြောင့် အဖွဲ့အစည်းကြီး တစ်ခုလုံးကို ထိခိုက်ရသည့်အပြင် ထိုတပ်ဖွဲ့များ၏ လုပ်ငန်းကိုပါ ဆိုးကျိုးသက်ရောက်စေသည်။ ထို့ပြင် ယခုလုပ်ရပ်ကြောင့် အမေရိကန်နိုင်ငံ၏ လုံခြုံရေးကိုပါ ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း အထက်လွှတ်တော်အမတ် ကားလ်လီဗင်က ဆိုသည်။ ၎င်းသည် လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီမှ ထိပ်တန်းအဖွဲ့ဝင်တစ်ဦးဖြစ်သည်။

တောင်းဆို

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ် ရမ်းစဖဲသည် အီရတ်တွင် ဖြစ်ပျက်ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ မယုံနိုင်လောက်အောင် တာဝန် ပျက်ကွက်ခဲ့သည်။ အစီရင်ခံ အသိပေးရမည့်ကိစ္စကို ထူးထူးကဲကဲပင် မလုပ်ဆောင်ဘဲ ဖြစ်ခဲ့ရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ရမ်းစဖဲသည် ယခုသီတင်းပတ်တွင် ကွန်ဂရက်သို့ လာရောက်တင်ပြရမည်ဖြစ်ကြောင်း တောင်းဆိုထားသည်။

အကျဉ်းသားများအား ညှဉ်းဆဲသည့်ဖြစ်ရပ်ကို မိမိလွန်စွာမှ စိုးရိမ်ပူပန်မိကြောင်း၊ ထိုကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန် ကာကွယ်ရေးဝန်ကြီးရမ်းစဖဲနှင့် အမေရိကန် ကာကွယ်ရေးဌာနမှ ထိပ်ပိုင်းအရာရှိများကို လူအများ ရှေ့မှောက်တွင် ထွက်ဆိုရန် ဆင့်ခေါ်မည်ဖြစ်ကြောင်း ဂျွန်ဝါနာက ပြောကြားသည်။ ၎င်းသည် အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌဖြစ်သည်။

ဆိုးရွားသောခြွင်းချန်မှု

ကာကွယ်ရေးဝန်ကြီးက ကွန်ဂရက်တွင် အီရတ်၌ ဖြစ်ပေါ်နေသော အခြေအနေကို အစီရင်ခံရန်ပျက်ကွက်မှု ကိစ္စရပ်ကြောင့် လာရောက်အစီရင်ခံစေရန် ဆင့်ခေါ်သောကိစ္စတွင် ပါဝင်တောင်းဆို ထောက်ခံသူတစ်ဦးမှာ ဂျွန်မက္ကိန်းဖြစ်သည်။ ၎င်းသည် အာရီဇိုးနား ပြည်နယ်ရီပတ်ဘလီကင် အမတ်တစ်ဦးဖြစ်သည်။ ကိစ္စရပ်အတော်များများတွင် ကာကွယ်ရေးဌာနသည် ကွန်ဂရက်ကို အစီရင်မခံဘဲ ဆောင်ရွက်လေ့ရှိကြောင်း၊ သို့ရာတွင် ယခုကိစ္စသည် အလွန်ထူးခြား ဆိုးရွားသောခြွင်းချန်မှုကိစ္စပင်ဖြစ်သည်ဟု မက္ကိန်းက ဆိုသည်။

တံခါးဖွင့်ကြားနာမှု

အကျဉ်းသားများကို မဖွယ်မရာ ပြုသည့်ကိစ္စကို ကာကွယ်ရေးဌာနက လပေါင်းများစွာ ဖုံးဖိထားခဲ့ကြောင်း၊ သတင်းမီဒီယာများက အစီရင်ခံသောအခါမှ မဖုံးနိုင်မဖိနိုင်နှင့် လူသိလာရကြောင်း၊ သို့ဖြစ်၍ ယခုကိစ္စကို ကွန်ဂရက်တွင် တံခါးဖွင့်ကြားနာမှုပြုလုပ်သွားရန် တောင်းဆိုကြောင်း အနောက်ဗာဂျီးနီးယား အထက်လွှတ်တော်ဒီမိုကရက်တစ်ကိုယ်စားလှယ်ရောဘတ်ဘိုဒ်က ပြောကြားသည်။ ထို့အပြင် အီရတ်ရှိ စစ်အကျဉ်းစခန်းများ အခြေအနေသာမက ကမ္ဘာပေါ်ရှိ အမေရိကန်အကျဉ်းစခန်းများ အခြေအနေကိုပါ တင်ပြသွားရန် တောင်းဆိုခဲ့သည်။

အဘူဂါရိပ်အကျဉ်းစခန်းကိစ္စသည်တစ်ခုတည်းသီးခြားဖြစ်ပေါ်သောကိစ္စမဟုတ်၊ အလားတူကိစ္စများလည်း အာဖဂန်နှင့် အီရတ်တွင် ရှိနေသေးကြောင်းသိရသည်ဟုအထက်လွှတ်တော် အမတ်အက်ဒဝပ် ကနေဒီက ပြောကြားသည်။ ၎င်းသည် မက်ဆာချူးဆက် ပြည်နယ် ဒီမိုကရက်တစ် အမတ်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၅ ရက်က အီရတ်နိုင်ငံတောင်ပိုင်း အမာရာမြို့ရှိ ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါး၏ရုံးကို စောင့်ကြပ်နေသည့် အီရတ်လက်နက်ကိုင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့ရှိ ကန်အခြေစိုက်စခန်းကို စိန်ပြောင်းများဖြင့် တိုက်ခိုက် ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် အမေရိကန် တပ်ဖွဲ့ဝင်လေးဦးသေဆုံး

နာဂျက်ဖ်(အီရတ်) မေ ၆

ကာဘာလာမြို့ရှိ ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ စောင့်ကြပ်သည့်အစိုးရအဆောက်အအုံများနှင့် နာဂျက်ဖ်ရှိ အမေရိကန် အခြေစိုက်စခန်းကို အရပ်သားခုခံတိုက်ခိုက်ရေးသမားများက စိန်ပြောင်းများဖြင့် အင်္ဂါနေ့တွင် တိုက်ခိုက်ကြသည်။ နာဂျက်ဖ်တွင် ပြင်းထန်သည့်တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံသား၂၀ဦးသေဆုံးပြီးနောက်တစ်နေ့တွင် ယင်းသို့ တိုက်ခိုက်ကြခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုများကြောင့် အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်မျှ သေဆုံးခြင်း မရှိပေ။ သို့ရာတွင် ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းတွင် တိုက်ကင်းလှည့်စဉ်အတွင်း မော်တော်ယာဉ်တိမ်းမှောက်သဖြင့် အမှတ်(၁)ခြေလျင်တပ်ရင်းမှ အမေရိကန် တပ်ဖွဲ့ဝင်လေးဦးသေဆုံးသွားကြောင်း စစ်ဘက်က ပြောကြားသည်။

တွန်းလှန်တိုက်ခိုက်ရေးသမားများက ဘဂ္ဂဒက်လေဆိပ်အနီးရှိ လေယာဉ်ကို ပစ်ခတ်ပြီးနောက် အမေရိကန် အမြောက်တပ်က တွန်းလှန်တိုက်ခိုက်ရေးသမားများ၏ စခန်းများကို အမြောက်များဖြင့် ပစ်ခတ်သည်။ အီရတ်နိုင်ငံသား တွန်းလှန်တိုက်ခိုက်ရေးသမား လေးဦးတို့သေဆုံးကြောင်း စစ်ဘက်ကအင်္ဂါနေ့တွင်ပြောကြားသည်။

မြေပြင်ကင်းလှည့်တပ်ဖွဲ့ဝင်များအား လေကြောင်းမှ ထောက်ပံ့ဖြည့်ဆည်းပေးနေသည့် လေယာဉ်နှစ်စင်းကို တိုက်ခိုက်ရေးသမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြကြောင်း၊ အပေါင်းပါတပ် မြေပြင်ကင်းလှည့်တပ်များက တိုက်ခိုက်ရေးသမားများအား ပြန်လည်တိုက်ခိုက်ပြီး အမြောက်ကြီးများ၏ ပစ်ခတ်မှုအကူအညီကို ယူခဲ့ကြကြောင်း စစ်ဘက်ကကြေညာချက်တွင် ဖော်ပြထားသည်။

အမှတ်(၁)သံချပ်ကာယန္တရားတပ်မမှ တပ်ဖွဲ့ဝင်များက ၁၅၅မီလီမီတာအမြောက်ကျည်များသုံး၍ တရစပ်ပစ်ခတ်တိုက်ခဲ့ကြောင်းဖြင့် စစ်ဘက်ကပြောကြားသည်။ စပိန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှပြန်လည်ရုပ်သိမ်းသွားခဲ့ပြီးနောက် အမေရိကန် စစ်ဘက်က တပ်ဖွဲ့ဝင်များကို နာဂျက်ဖ်မြို့ရှိ အခြေစိုက်စခန်းသို့ လွှန်ခဲ့သည့်လက ရွှေ့ပြောင်းထားခဲ့သည်။

သို့ရာတွင် အမေရိကန်စစ်ဘက်က ပြန်လည်ပစ်ခတ်မှု ဖြစ်ပွားမည့်အရေးကို စိုးရိမ်တကြီး သတိထားနေရသည်။ အယ်လ်ဆာဒါး၏ရုံးခန်းသည် ဘာသာရေးအရအထွတ်အမြတ်ထားရာ အဆောက်အအုံနှင့် ကိုက်အနည်းငယ်သာဝေးပြီး အမေရိကန်အခြေစိုက်စခန်းနှင့်လည်း မဝေးလှပေ။ အရပ်သားလက်နက်ကိုင်များသည် လက်နက်များသိုဝှက်ထားကြောင်း အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ***အင်တာနက်။***

မေ ၄ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင် အဝတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဖမ်းဆီးထားသည့် ဆွေမျိုးသားချင်းများ၏ အခြေအနေကို မေးမြန်းနေကြသည့် အီရတ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီရတ်အကျဉ်းသားများပြဿနာ ကန်သမ္မတ ဖြေရှင်းရန်ကြိုးစား အီရတ်နှင့်အာရပ်များက ယုံကြည်လက်ခံခြင်းမရှိ

ဒူဘိုင်း မေ ၆

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် ဗုဒ္ဓဟူးနေ့က ရုပ်မြင်သံကြားမှ အာရပ်လောကသို့ ရည်ရွယ်၍ စကားပြောခဲ့သည်။ ထိုသို့ပြောကြားရာ၌ အီရတ်နှင့် အာဖဂန် အကျဉ်းသားများကို သတ်ဖြတ်ခဲ့မှုနှင့် မဖွယ်မရာ နှိပ်စက်ညှဉ်းပန်းမှု ကျူးလွန်သူများကို ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည်။ ထိုကတိစကားများ ကြားရပြီးနောက် အာရပ်များအနေဖြင့် ထိုအာမခံချက်များသည် အခါနှောင်းမှပေါ်လာသော စကားများသာဖြစ်ပြီး ဖြစ်ပေါ်ခဲ့သော အခြေအနေနှင့်စာလျှင် လုံလောက်မှုမရှိသော အာမခံချက်များသာဖြစ်နေသဖြင့် ထိုစကားများကို အာရပ်ကမ္ဘာက ယုံကြည်လက်ခံနိုင်သည့် အနေအထားမရှိဘဲ ဖြစ်နေသည်ဟုဆိုသည်။

အမေရိကန်သမ္မတက မည်သို့ပင်ပြောနေစေကာမူ အီရတ်များက ယုံကြည်မည်မဟုတ်၊ နစ်နစ်နာနာဖြစ်အောင် အမှားတစ်ရပ်ပြုခဲ့ပြီးမှ သမ္မတက အလွန်ကြီးကျယ်သော ဒီမိုကရေစီရေးများ၊ လွတ်လပ်ခွင့်များအကြောင်း ပြောနေခြင်းသည် အီရတ်များ အမှန်တကယ် တွေ့ကြုံခဲ့ရသည်များနှင့် ဆန့်ကျင်ဘက်များ ဖြစ်နေသည်။ စစ်မှန်သော၊ ဒီမိုကရေစီရှိသော အခြေအနေတွင် အထက်ပါ ဖြစ်ရပ်များ ပေါ်ပေါက်လိမ့်မည်မဟုတ် ကြောင်း ပါလက်စတိုင်းလူမျိုး ရီအိမ်း ဟိုစာရီက ပြောကြားသွားသည်။

ဝန်ချတောင်းပန်သင့်

သမ္မတက ကန်တပ်ဖွဲ့ဝင်များ၏ အီရတ်အကျဉ်းသားများအပေါ် မဖွယ်မရာလုပ်ဆောင်မှုကိုကြိုးစား ကာကွယ်နေသော်လည်း အာရပ်လူထုအပေါ် စွန်းထင်း နေပြီဖြစ်သော အမေရိကန်တို့၏ အမှားများကို ဆေးကြောပစ်နိုင်တော့မည် မဟုတ်သဖြင့် အမေရိကန် သမ္မတအနေဖြင့် ထိုအမှားအတွက် ဝန်ချတောင်းပန်မှုသာ ပြုသင့်ကြောင်း ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဂျာဝဒ် အယ်လ်အာနန်နီက ဆိုသည်။

အဖတ်ဆည်ရန်ကြိုးစား

ဖမ်းဆီးခြင်းခံထားရသော အီရတ်အကျဉ်းသားများကို သတ်ဖြတ်မှုနှင့် မတော်မလျော် ပြုမှုများကြောင့် မျက်နှာပျက် ခဲ့ရသည်များကို ပြေလည်သွားနိုင်စေရန် ကြိုးစားသည့်အနေဖြင့် အာရပ် ရုပ်မြင်သံကြားမှတစ်ဆင့် အမေရိကန်သမ္မတက စကားပြောခဲ့သည်။

မိမိအနေဖြင့် အရှေ့အလယ်ပိုင်းဒေသသို့ စကားပြောလိုပါသည်။ အီရတ်အကျဉ်းထောင်အတွင်း ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်များသည် ရွံမုန်းစရာကောင်းလှပါသည်။ ထိုဖြစ်ရပ်သည် အမေရိကန်များကို ကိုယ်စားပြုနိုင်သော လုပ်ရပ်များ မဟုတ်ကြောင်း အမေရိကန်သမ္မတက အယ်လ်အာရေဘီးယားရုပ်သံမှ ရှင်းလင်းပြောကြားသွားသည်။

အာရပ်လူထုအများစုကမူ အမေရိကန်သမ္မတ၏ ပြောကြားချက်များသည် အနှစ်မပါသော စကားများသာဖြစ်သည်ဟု သဘောထားကြကြောင်း သိရသည်။

ရည်ရွယ်ချက်

အမေရိကန်များက ဆက်ဒမ်ကို ဖြုတ်ချနိုင်ရန်ကြိုးပမ်းမှု နောက်ကွယ်တွင် အီရတ်ပြည်သူများကို နှိပ်စက်ကလူပြုရန်ဟူသော ရည်ရွယ်ချက်ပါရှိသည်။

အကောင်အထည်ဖော်

အီရတ်၌ ဖြစ်ပေါ်နေသော ဖြစ်ရပ်သည် အမေရိကန်၏ရည်ရွယ်ရင်းရှိသည့်အတိုင်း တပ်ဖွဲ့ဝင်များက အကောင်အထည် ဖော်လိုက်ခြင်းသာဖြစ်သည်။

ဆေးကြောနိုင်မည်မဟုတ်

အမေရိကန်သမ္မတက ခပ်ပေါ့ပေါ့ဖော့၍ ပြောသွားသော စကားများဖြင့် အာရပ်လူထုအပေါ် ပြုခဲ့မိသောအမှားများကို ဆေးကြောပစ်နိုင်မည်မဟုတ်ဟု ဂျော်ဒန်နိုင်ငံသား ဂျူမာနာအာမက်က ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

ဟန်ပြ

အကျဉ်းသားများအပေါ် အမေရိကန်များက မတော်မတရားပြုသည်ဆိုသောကိစ္စရပ်သာ လူသိရှင်ကြားဖြစ်မလာခဲ့လျှင် အမေရိကန်သမ္မတသည် ယခုကဲ့သို့စကားမျိုးကို ပြောကြားမည်မဟုတ်ပါကြောင်း။

သမ္မတ၏ ယခုလုပ်ရပ်မှာလည်း ဟန်ပြသဘော လုပ်ရပ်သာဖြစ်ပြီး အမှန်ဖြစ်ရပ်၏ အခြေအနေကို ဖုံးဖိနိုင်ရန် ကြိုးစားနေခြင်းသာဖြစ်သည်ဟု လက်ဘနွန်သူ အမျိုးသမီး ဂျီဟန်က ဆိုသည်။

ကူးစက်တောက်လောင်

အမေရိကန် တပ်ဖွဲ့ဝင်များက ခေါင်းစွပ်များစွပ်ထားသော အီရတ်အကျဉ်းသားများအပေါ် မဖွယ်မရာပြုနှိပ်စက်ကလူ ညှဉ်းပန်းနေသောပုံများကို အမေရိကန်ရုပ်သံ စီဘီအက်စ်မှ ပထမဦးဆုံး ထုတ်လွှင့်သွားခဲ့သည်။ ထို့နောက်မှ အာရပ်ရုပ်သံများက ထပ်ဆင့်လွှင့်ခဲ့ကြပြီးနောက်ပိုင်း ကမ္ဘာ့သတင်းလောကတစ်ခုလုံး ပျံ့နှံ့သွားပြီး အာရပ်လောကသို့ ဒေါသမီး ကူးစက် တောက်လောင်လာခြင်းဖြစ်သည်။

ဝေဖန်

ထို့အပြင် အရှေ့အလယ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူ ပက်ထရစ်ဆီလီကလည်း အာရပ်ရုပ်သံမှတစ်ဆင့် အမေရိကန်သမ္မတ မိန့်ခွန်းပြောကြားခဲ့သည့်လုပ်ရပ်ကို ဝေဖန်ခဲ့သေးသည်။

အမေရိကန်သမ္မတ၏ ယခုလုပ်ရပ်သည် ယုံကြည်လက်ခံနိုင်စရာမကောင်းသော အကျိုးမထူး အရာမထင်သည့် ကြိုးပမ်းမှုသာဖြစ်သည်။

လှျော့ကျလဲချက်

အာရပ်များအပေါ် လုပ်ရပ်ကြောင့် နစ်နာသွားရသောအဖြစ်ကို သေးငယ်သွားအောင် ဘောင်ကန့်ပေးသော ယခု ကြိုးစားမှုမျိုးသည် အမေရိကန်၏ ဒီမိုကရေစီနှင့် လွတ်လပ်ခြင်းဆိုင်ရာ မူဝါဒများဘက်မှ ရှေ့နေလိုက်ရန် အားထုတ်ထားသော လျှော့ကျလဲချက်မျှသာဖြစ်ကြောင်း ပက်ထရစ်ဆီလီက သုံးသပ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***



မေ ၅ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းထောင်ရှေ့တွင် အမေရိကန်ဆန့်ကျင်ရေးဆိုင်းဘုတ် ကိုင်ဆောင် ဆန္ဒပြနေသည့် အီရတ်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကားဗုံး ပေါက်ကွဲမှုဖြစ်

မေ ၆ ရက်က ဘဂ္ဂဒက်ရှိ အစိမ်းရောင်နယ်မြေအဝင်ဝတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာသို့ မီးသတ်ကားတစ်စီး ရောက်ရှိလာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်တို့ လုံခြုံရေးတင်းကျပ်စွာချထားသည့် ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် မေ ၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့ရုံးစိုက်ရာ ခြံဝင်းကျယ်ဆီသို့ အဝင်လမ်းတွင် ကြာသပတေးနေ့က ကားဗုံးပေါက်ကွဲရာ အီရတ်နှင့်အမေရိကန်တို့ ထိခိုက်ဒဏ်ရာရမှုများရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ကားဗုံးပေါက်ကွဲမှုကြောင့် အစိမ်းရောင် နယ်မြေဟုခေါ်ကြသည့် ခြံဝင်းကျယ်တွင် သြဝသံများ ဆူညံသွားပြီး ကောင်းကင်ထက်ဆီသို့ မီးခိုးလိပ်ကြီးတက်ခဲ့သည်။

အဆိုပါအဝင်လမ်းသည် အစိမ်းရောင်နယ်မြေ၏ စစ်ဘက်ဆိုင်ရာနယ်မြေဆီသို့ ဦးတည်သွားသည်။ ၎င်းနေရာကို အမေရိကန် တပ်ဖွဲ့ဝင်များက ကာကွယ်စောင့်ကြပ်ထားပြီး အနီးရှိ စစ်ဆေးရေးစခန်း၌ ကားတန်းများကို စစ်ဆေးသည်။

ပေါက်ကွဲသံကြီးကို မိမိတို့ကြားရကြောင်း၊ မိမိတို့ အပြင်ထွက်ကြည့်သည့်အခါ အစစ်ဆေးခံရန်စောင့်ဆိုင်းနေရသည့် ကားများအနက် တစ်စီးမှာ မီးလောင်နေသည်ကို တွေ့ရကြောင်း အနီးရှိ ကိတ်မုန့်ဆိုင်ပိုင်ရှင် ကေမိုဟာမက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ပျက်စီး

စစ်ဆေးရေးဂိတ်၌ အရပ်ဘက်ဆိုင်ရာ ကားငါးစီး ပျက်စီးသွားကြောင်းနှင့် အချို့ကားများမှာ မီးလောင်ခဲ့ကြောင်း၊ လူနာတင်ကားများနှင့် မီးသတ်ကားတစ်စီးတို့လည်း အခင်းဖြစ်ရာသို့ ရောက်ရှိလာကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ခေါ်သွား

ဒဏ်ရာရရှိသူ အီရတ်သုံးဦးကို ဆေးရုံသို့ခေါ်သွားသည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်မှ ချက်ချင်း ဝေဖန်ပြောကြားခြင်းမရှိပေ။ ***အင်တာနက်။***

ပီကာဆို၏ပန်းချီကား လေလံတင်ရောင်းချ ဒေါ်လာ ၁၀၄ သန်းကျော် ရရှိ

နယူးယောက် မေ ၆

နယူးယောက်မြို့ ဆော့သ်ဘီတွင် ဗုဒ္ဓဟူးနေ့က ပြုလုပ်သော ပန်းချီကားများ လေလံတင်ရောင်းချပွဲတွင် နာမည်ကျော် ပန်းချီဆရာကြီးပွေဗလိုပီကာဆို၏ "ဆေးတံနှင့်လူကလေး" အမည်ရှိ ဆီဆေးပန်းချီကားမှာ ဒေါ်လာ ၁၀၄ ဒသမ ၁၆၈သန်းဖြင့် ရောင်းချလိုက်ရသည့်အတွက် အမြင့်ဆုံးစံချိန်တင်လိုက်သည်ဟု သိရသည်။ ယခင် အမြင့်ဆုံးစံချိန်တင်ထားသည့် လေလံတင်ရောင်းချပွဲမှာ ၁၉၉၀ ပြည့်က ပြုလုပ်သည့် လေလံပွဲဖြစ်ပြီး ထိုစဉ်က ပန်းချီဆရာကြီးဗန်ဂိုး၏ "ဒေါက်တာ ဂါးချက်၏ ရုပ်ပုံလွှာ" မည်သော ပန်းချီကားဖြစ်ပြီး ဒေါ်လာ ၈၂ ဒသမ၅ သန်းဖြင့် ရောင်းချခဲ့ဖူးသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကာဘာလာမြို့တွင် ညပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်သေဆုံး

ဘဂ္ဂဒက် မေ ၆

အမေရိကန် ဦးဆောင်သည့်အပေါင်းပါတပ်များနှင့် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါး၏ သစ္စာခံ အရပ်သားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ကာဘာလာတွင် ညပိုင်းတွင် ပစ်ခတ်တိုက်ခိုက်ကြရာတွင် အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်းဖြင့် အပေါင်းပါတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်တောင်ပိုင်း ကီလိုမီတာ ၁၁၀ ခန့်ဝေးကွာသည့် ကာဘာလာမြို့ရှိ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါး၏သစ္စာခံ မီဒီလက်နက်ကိုင်တပ်ဖွဲ့များ သိမ်းပိုက်ထားသည့် အဆောက်အုံများကို အပေါင်းပါတပ်များက သိမ်းယူရာတွင် တိုက်ခိုက်မှုဖြစ်ပွားပြီး အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါ သေဆုံးသွားသည့် အပေါင်းပါတပ်ဖွဲ့ဝင်၏ လူမျိုးဇာစ်မြစ်ကို ကြေညာချက်တွင် ဖော်ပြခြင်းမရှိပေ။

အဆိုပါ မီဒီလက်နက်ကိုင်များက စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများနှင့် စက်သေနတ်များအသုံးပြုကာ ကာဘာလာရှိ အပေါင်းပါတပ်များ၏ စခန်းများကို ညသန်းခေါင်ယံနောက်ပိုင်းတွင် တိုက်ခိုက်ခဲ့စဉ် ဖော်ပြပါ တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ အမေရိကန်အပေါင်းပါတပ်များကလည်း ပြန်လည်ပစ်ခတ်ခဲ့ပြီး တိုက်ခိုက်မှုအချိန်သည် မိုးသောက်ယံမတိုင်မီအထိ ဖြစ်ပွားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရှင်အပါး ၆၀ ရှင်ပြုပွဲ ကျင်းပမည်

ရန်ကုန် မေ ၇

ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူးညနေ သန့်ရှင်းရေးအသင်း၏ ဒုတိယ အကြိမ်မြောက် ရှင်အပါး ၆၀ ရှင်ပြုပွဲကို ၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်၊ မေ ၉ ရက် (တနင်္ဂနွေနေ့)တွင် သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် သမိုင်းဝင် မင်းနန္ဒာစေတီတော်ဝင်း ပညာရုံသီကျောင်းတိုက်၌ ကျင်းပမည် ဖြစ်သည်။ (က–ပ)

မြို့ခြံမြွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီးကို ဂုဏ်ပြုကြိုဆိုပါသည်

ခင်မောင်ထွန်း (လမ်းမတော်)

စာရေးဆရာများ၊ သတင်းစာဆရာနှင့် မီဒီယာများ၊ စာပေထုတ်ဝေသူများ၊ ကာတွန်းပညာရှင်များစသည့် စာပေလောကသားများစုပေါင်းဖွဲ့စည်းထားသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီးကို မကြာမီရန်ကုန်မြို့၌ ကျင်းပတော့မည် ဖြစ်ပါသည်။

ယင်းအစည်းအဝေးကြီး ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ များ စုံညီစွာတက်ရောက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)က ဆောင်ရွက်ကာ အသေးစိတ်ညှိနှိုင်းဆွေးနွေးကြပြီး လိုအပ် ချက်များကို ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ကိုယ့်ထီးကိုယ့်နန်း ကိုယ်ပိုင်ယဉ်ကျေးမှုတို့ဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ရပ်တည်ခဲ့သော မြန်မာနိုင်ငံတွင် မြန်မာစာပေသည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်နောက်ပိုင်း ရတနာပုံ မန္တလေးစသည့် ခေတ်သမိုင်းများကပင် မြန်မာ့ဂန္ထဝင်၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ ဇာတ်၊ မော်ကွန်း၊ ဝတ္ထုစသည်တို့ဖြင့် ထိုခေတ်အခါက တည်ရှိခဲ့သော ခေတ် စနစ်များကို မဏ္ဍိုင်ပြု၍ စာပေပညာရှင်ကြီးများ ပေါ်ပေါက်ခဲ့ပြီး အဆင့်အတန်း မြင့်မားစွာ ဖွဲ့ဆိုရေးသားခဲ့ကြပါသည်။ ထို့ပြင် တရားစီရင်ခြင်း၊ ဥပဒေပြဋ္ဌာန်း ခြင်း၊ အမိန့်ထုတ်ပြန်ခြင်းနှင့် ဆက်သွယ်မှုလုပ်ငန်းများတွင်လည်း မြန်မာ စာပေသည် ဂုဏ်ယူဝင့်ကြွားစွာ နေရာယူ အသုံးပြုနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်တို့ လက်အောက်သို့ ကျရောက်ခဲ့သော ၁၈၈၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်ထိ ကာလတွင် နယ်ချဲ့စနစ်ဆန့်ကျင် ရေး၊ အမျိုးသားတစ်ရပ်လုံး လွတ်မြောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ကြရန် စာပေပညာဖြင့် တပ်လှန့်နှိုးဆော် ခဲ့ပါသည်။ ထိုခေတ်က စာပေပညာရှင်၊ အနုပညာရှင်များ၏ ပြောင်မြောက် လှသော အတွေးအခေါ်နှင့်အရေးအသား များသည် စစ်ချီစစ်မောင်းသံများသဖွယ် မျိုးချစ်စိတ်ဓာတ်ကို တပ်လှန့်ပေးခဲ့ပါသည်။

စာပေသည် အမျိုးသားအကျိုးစီးပွားအတွက် အထူးပင်အရေးပါ အရာ ရောက်လှသော မဏ္ဍိုင်ကြီးအဖြစ် ရပ်တည်နေပေသည်။ လူမျိုးတစ်မျိုး၏ ကြီးပွားမှု၊ သိမ်ငယ်မှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ မြင့်မားမှု၊ နိမ့်ကျမှုတို့သည် ယင်းနိုင်ငံ၏ စာပေအဆင့်အတန်းပေါ်တွင် တည်မှီနေပါသည်။ "ရေမြင့်လျှင် ကြာတင့်"ဆိုသည့် စကားနှင့်အညီ စာပေမြင့်လျှင် လူမျိုးတင့်ပေမည်။

ယနေ့ခေတ်ကာလတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်က စာပေဂုဏ်မြင့်စေရေးအတွက် အဘက်ဘက်မှ အလေးပေး ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး သင်တန်း ဖွင့်ပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် စာပေပညာနှင့် ပတ်သက်၍ အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်။

အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများကို ဘက်ပေါင်းစုံ၌ ဆောင်ရွက်နေကြောင်း၊ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာရည်အဆင့်အတန်းမြင့်မားရန် လိုအပ်ကြောင်း၊ သို့မှသာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း စာပေနှင့်စာနယ်ဇင်း များအတွက် အခွင့်သင့်တိုင်း မှာကြားခဲ့ရာတွင်–

"နိုင်ငံတော်ကလည်း မြန်မာစာပေအဓွန့်ရှည်ရေး၊ ဗဟုသုတပွားများ ဖွံ့ဖြိုးရေးနှင့် အသိပညာအချက်အလက်များ ကြွယ်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်ရေးအတွက် ဘက်ပေါင်းစုံမှ အားပေးကူညီလျက်ရှိကြောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနက အမျိုးသားစာပေဆုများ၊ စာပေဗိမာန်စာမူဆုများကို နှစ်စဉ် ချီးမြှင့်ပေးလျက် ရှိကြောင်း၊ တစ်ဖက်မှကြည့်လျှင်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူတွေ မျက်စိအောက်ကို စာအုပ်၊ စာစောင်တွေအရောက်ပို့ပြီး အရန်သင့်ဖတ်ရှုမွေ့လျော် ပညာရှာနိုင်ဖို့ စာကြည့်တိုက်နှင့် စာဖတ်ခန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ သို့မှသာ စာကောင်းပေမွန်များလည်း ဖွံ့ဖြိုး၊ ဖတ်စရာ စာဖတ်ခန်းတွေလည်း လက်လှမ်းမီ ပြီးတော့ စာပေက မြေတောင်မြှောက်ပေးလိုက်သည့် လူသားအရင်းအမြစ်များဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း"

"စာပေသည် နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းကို ဖော်ညွှန်းသော စံပြုကိန်းဖြစ်ခြင်းကြောင့် စာပေမြင့်မှ လူမျိုးတင့်မည်ဟု ဆိုစမှတ်ပြုကြကြောင်း၊ အဆင့်အတန်းမြင့်ပြီး အရည်အသွေးကောင်းမွန်သောစာပေများ ထွန်းကားမှသာ နိုင်ငံနှင့်လူမျိုး ဂုဏ်မြင့်မားပြီး လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးရေးကိုလည်း အထောက်အကူ ပြုမည်ဖြစ်ကြောင်း" မိန့်ကြားခဲ့ပါသည်။

ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ခေတ်ဟောင်းမှ စာပေလုပ်သားအဖွဲ့ကြီးကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ကြီးအဖြစ် ၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် အသစ်ပြန်လည် ဖွဲ့စည်း ပေးခဲ့ပြီး လိုအပ်ချက်များ ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ခဲ့ပါသည်။

တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက "ပြည်သူ ၅၃သန်းကျော် အပေါ်တွင်လည်း စာပေနှင့် ထိတွေ့ ဆက်သွယ်သော အဖွဲ့ကြီးဖြစ်သည့် အတွက် တတိယအကြိမ် စာပေညီလာခံဗဟို ဦးစီးအဖွဲ့ အစည်းအဝေးကို အသွင်သဏ္ဍာန်ရော အနှစ်သာရပါ အဆင့်အတန်း မြင့်မြင့်မားမား ခမ်းနားထည်ဝါ သိုက်မြိုက်စွာ ကျင်းပရန်လိုကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင် ညီလာခံက ချမှတ်ခဲ့သည့်လုပ်ငန်းစဉ်များအပေါ် အားနည်းချက်၊ အားသာချက်များ ကို မှန်ကန်စွာ ဝေဖန်သုံးသပ် စိစစ်ကြပြီးလျှင် စာပေလောကသားများ နိုင်ငံ နှင့် လူမျိုးအတွက်ပါ အကျိုးရှိစေမည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုကြောင်း၊ ပုံနှိပ်လောက အဆင့်မြှင့်တင်ရေး လုပ်ငန်းစဉ်များကိုပါ ပါဝင်ရေးဆွဲ ချမှတ်ကြစေလိုကြောင်း၊ ထည့်သွင်းဆွေးနွေးမည့် စာတမ်းများကိုလည်း အရည်အသွေးမြင့်မားသည့် စာတမ်းများဖြစ်အောင် ပြုစုတင်သွင်းကြရန်" မှာကြားခဲ့ပါသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဦးတည်ချက်(၆)ရပ်ကို အောက်ပါ အတိုင်း တညီတညွတ်တည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၁။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် စာပေဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများတွင် စာပေလောကသားအားလုံး တညီတညွတ် တည်း တက်ကြွစွာ ပါဝင်လှုပ်ရှား လုပ်ဆောင်ကြရေး။

၂။ စာပေနှင့် စာနယ်ဇင်းလုပ်ငန်း အတတ်ပညာ၊ နည်းပညာနှင့် အရည်အချင်း တိုးတက်မြင့်မားရေးကို အချိတ်အဆက်မိမိ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်း လုပ်ဆောင်ကြရေး။

၃။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ထူထောင်တည်ဆောက် နေချိန်တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူပူးပေါင်း လက်တွဲ၍ စည်းရုံးလှုံ့ဆော် ပါဝင်လုပ်ဆောင်ကြရေး။

၄။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် ကိန်းဝပ်ရှင်သန် ထွန်းကားပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသား အားပေးမြှင့်တင် လုပ်ဆောင်ကြရေး။

၅။ အမျိုးသားအမွေဖြစ်သော မြန်မာစာပေကို ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်း မြှင့်တင်ရေး၊ နိုင်ငံတကာမှ ပြည်သူများ ကျယ်ပြန့်စွာ လေ့လာဖတ်ရှု သိသာနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ရေး။

၆။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို စာပေဖြင့် အကျိုးပြုရင်း စာဖတ်သူတိုင်း စာပေ၏ အကျိုးပြုမှုကို ရရှိခံစားနိုင်စေရန် ကြိုးပမ်း လုပ်ဆောင်ကြရေးတို့ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဘက်ဘက်မှ ဖွံ့ဖြိုး တိုးတက်နေသည်ကို အားလုံးမြင်တွေ့နေရပြီဖြစ်ပါသည်။ နိုင်ငံတော် အကြီး အကဲအနေဖြင့် နယ်စပ်ဒေသများပါ မကျန်အောင် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက် လာစေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း လမ်းညွှန် ဆောင်ရွက်စေလျက်ရှိကြောင်း တွေ့မြင်သိရှိရပါသည်။

ယနေ့ နိုင်ငံတော်ကြီးကို ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီဖြစ်ရာ စာပေလောကသား အားလုံးတို့သည် ပြည်သူများအားလုံးနှင့်အတူ စည်းလုံးညီညွတ်စွာ နိုင်ငံတော် အကျိုး သယ်ပိုးရွက်ဆောင်သွားကြရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း တင်ပြရင်း တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီး အဖွဲ့အစည်းအဝေးကြီးကို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။ ။

မိတ္ထီလာကန်တော်ကြီး ပြန်လည်တူးဖော်ပြုပြင်

တပ်မတော်သားများနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်

ရန်ကုန် မေ ၇

မန္တလေးတိုင်း မိတ္ထီလာမြို့ရှိ သမိုင်းဝင် မိတ္ထီလာကန်တော်ကြီး ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်းကို ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အထိ ဆောင်ရွက်ခဲ့ရာ အမှတ်(၉၉) ခြေမြန် တပ်မဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများ၊ မိတ္ထီလာတပ်နယ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများ၊ ဌာန ဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများသည် မိတ္ထီလာ ကန်တော်ကြီးရှိ သဲနုန်းများပြန်လည် တူးဖော် ဆယ်ယူခြင်းလုပ်ငန်းများကို တပျော်တပါး စုပေါင်းဆောင်ရွက်ခဲ့ ကြသည်။

အဆိုပါ ကန်တော်ကြီးပြန်လည် တူးဖော်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက် ရာသို့ အမှတ်(၉၉) ခြေမြန်တပ်မ ဌာန ချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်၊ မိတ္ထီလာတပ်နယ်မှူး ဗိုလ်မှူးချုပ် ခင်မောင်အေး၊ လေကြောင်း အတတ် သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင် အတတ်သင်လေတပ်စခန်း လေတပ် စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကျော်ကျော်ဦးနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများက လှည့်လည် ကြည့်ရှုအားပေးကြပြီး လုပ်ငန်း လိုအပ် ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သူနာပြုစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကကြီးမှူး၍ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်း အမှတ် စစ်ရေးပြနှင့်သူနာပြု စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲ များတွင် အခြေခံစစ်ရေးပြ(အမျိုးသမီး၊ အမျိုးသား) ပြိုင်ပွဲ ၊ တစ်ဦးချင်း၊ နှစ်ယောက်တွဲ နှင့် လေးယောက်တွဲ ရှေးဦးပြုစုခြင်းပြိုင်ပွဲ၊ လူထုအတွင်း ရှေးဦးပြုစုခြင်းပြိုင်ပွဲ များ ပါဝင်ပြီး ဆုရသူများကို မေ ၈ရက်တွင် ကျင်းပမည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

နွေရာသီ လူငယ်အခြေခံ တင်းနစ်သင်တန်း ဖွင့်လှစ်

ရန်ကုန် မေ ၇

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ အဆင့်မြင့် တင်းနစ် ကွင်းကြီးတွင် နွေရာသီ လူငယ်မျိုးဆက်သစ် အခြေခံတင်းနစ်သင်တန်းကို မတ် ၂၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၃၅ ဦးနှင့် သင်တန်းသူ ၁၀ ဦး တက်ရောက်ကြသည်။ သင်တန်းကြီးကြပ်သူ မူဆယ်တင်းနစ်ကလပ် ဒုဥက္ကဋ္ဌ ဦးစိုင်းဖုနှင့် သင်တန်းနည်းပြများအဖြစ် ဦးမြင့်နိုင်၊ ဦးစိုင်းကျန်လှနှင့် ကိုဇော်၊ သင်တန်းမှတ်တမ်းတင် တွဲဖက်အတွင်းရေးမှူး စိုင်းဆိုင်လှိုင်းတို့ဖြစ်ပြီး သင်တန်းကာလမှာ သုံးလဖြစ်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈–၅–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ **ဆရာတော်ဦးဃောသိတ တရားတော် "ဒါရက္ခနွှောပမသုတ်"**
၉း၁၀	၉။ အပိတ်နှုတ်ဆက်စကား
၉း၁၁	၁၀။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅	၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀	၇။ မြန်မာသံစဉ်ချိုနှားဝင်
၄း၅၀	၈။ မျိုးချစ်တပ်မတော်
၅း၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် –Total Debtors Account And Total Creditors (စီးပွားရေးပညာ)
၅း၃၀	၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။ **English Premier League ဘောလုံးပွဲ Menchester United & Chelsea**
၈း၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း–၄၀)**
	၁၈။ သင့်အတွက်မနက်ဖြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်ပတ်လည်

ရန်ကုန် မေ ၇

(YMBA) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ နှစ်ပတ်လည် ရွေးချယ်တင်မြှောက်ပွဲအစည်းအဝေးကို ဇွန် ၂၇ရက်တွင် ကျင်းပမည်ဖြစ်ရာ အကြံပြုဆွေးနွေးချက်များရှိပါက ဇွန် ၁၉ရက် နောက်ဆုံးထား၍ (YMBA)အသင်းတိုက်သို့ ပို့ဆောင်ပေးကြရန် နှိုးဆော်ထားသည်ဟု သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရေကြောင်းပညာနယ်ပယ်မှ နိုင်ငံတကာအဆင့်မီ နိုင်ငံ့သားကောင်းများ နှစ်စဉ်မွေးထုတ်လျက်ရှိ ကုန်သွယ်ရေကြောင်းကဏ္ဍ ပြည်ပအလုပ်အကိုင်ကတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးကိုအထောက်အကူပြု နိုင်ငံ့ဂုဏ်ဆောင် ကျွမ်းကျင်ထက်မြက်သော ရေကြောင်းအရာရှိများဖြစ်လာအောင် ဝီရိယစိုက်ထုတ်ကြိုးစား

ရန်ကုန် မေ ၇

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း အပတ်စဉ်(စီဒီ-၃၁) သင်တန်းဆင်းပွဲနှင့် အပတ်စဉ်(စီဒီ-၃၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ ရေကြောင်းပညာသိပ္ပံခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ

တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီး၊ ဘာသာရပ်ဆိုင်ရာဌာနမှူးများ၊ သင်တန်းနည်းပြများ၊ အထူး ဖိတ်ကြားထားသူများ၊ ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ၏ စွမ်းအားဖြင့် ခေတ်မီ တိုးတက်သော နိုင်ငံတော်ဖြစ်ထွန်းရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်း ဆောင်ရွက်နေသည့် အခြေအနေအချိန်အခါမျိုးတွင် ယခုကဲ့သို့ ရေကြောင်း ပညာရပ်နယ်ပယ်ကဏ္ဍကနေ နိုင်ငံတကာအဆင့်မီ တတ်သိကျွမ်းကျင်သည့် နိုင်ငံ့သားကောင်းများ နှစ်စဉ်ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိခြင်းသည် အမိနိုင်ငံတော်ကြီး၏ အကျိုးစီးပွားဖော်ဆောင်မြှင့်တင်ပေးရေးအတွက် အထောက် အကူများစွာဖြစ်စေမည့် အခြေခံကောင်းတစ်ရပ် ဖြစ်ထွန်းနေခြင်းပင်ဖြစ်သည်ဟု ပထမဦးစွာပြောကြားလိုကြောင်း၊ ယနေ့နိုင်ငံတကာတွင် ခိုင်မာသည့် စီးပွားရေး လုပ်ငန်းတစ်ရပ်အဖြစ် တွင်ကျယ်ခေတ်စားနေသည့် ကုန်သွယ်ရေကြောင်း ကဏ္ဍတွင် မြန်မာရေကြောင်းအရာရှိများအတွက် ထိုက်တန်သော အခန်းကဏ္ဍ တစ်ရပ် ရရှိဖြစ်တည်နေရအောင် စွမ်းဆောင်ပေးနေသည့် ဤကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းများကနေ အရည်အသွေးပြည့်ဝသော မြန်မာလူငယ်များကို အစဉ်တစိုက် မွေးထုတ်ပေးနေခြင်းသည် မြန်မာလူငယ်များ နိုင်ငံတကာသို့ တက်လှမ်းပြီး မြန်မာ့အစွမ်းပြနိုင်ရေးအတွက် နိုင်ငံတော်က စီမံဖန်တီးပေးနေခြင်း ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ကျေးဇူးတရားကို မေ့ပျောက်မပစ်ဖို့ ပထမဆုံး မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်၌ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မား ထည်ဝါစွာဖြင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်ကြီး ဘက်စုံကဏ္ဍစုံတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ အမျိုးသား စီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤအမျိုးသားရေးရည်မှန်းချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးနိုင်မည့် စွမ်းဆောင် ရည် ထက်မြက်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံ၌ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင်လည်း နိုင်ငံတော်အစိုးရက စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အရေးပါ

နိုင်ငံတော်အစိုးရအနေဖြင့် အထူးသဖြင့် အမျိုးသားစီးပွားရေးဘဝ အရှိန် အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ရေး၊ စီးပွားကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့် စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူပြုနိုင်မည့် နယ်ပယ်ကဏ္ဍအသီးသီးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရအောင် စနစ်တကျ စီမံပေါင်းစပ် ဆောင်ရွက် ပေးလျက်ရှိနေသကဲ့သို့ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရေးပါသည့် အခန်းကဏ္ဍတွင်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့နိုင်ငံတကာ၌ သိပ္ပံနှင့်နည်းပညာရပ်များ၊ ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲပြီး ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေး စနစ်များ ဆန်းသစ်ပြောင်းလဲတိုးတက်နေသော်ငြားလည်း ကုန်သွယ်ရေး၊ ကုန်စည် ပို့ဆောင်ရေးနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးတို့တွင် ရေကြောင်း ပို့ဆောင်ရေးကိုသာ အားထားဆောင်ရွက်နေရဆဲဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တွင်ကျယ်ဖြစ်ထွန်းလာမှုနှင့်အတူ ပိုမိုကြီးမားသော ကမ္ဘာလှည့်ခရီးသွားသင်္ဘောကြီးများ၊ ဇိမ်ခံသင်္ဘောကြီးများသည် ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် တစ်ခေတ်ပြန်လည် ဆန်းသစ်လာနေသည်ကို လည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

တွင်ကျယ်ခေတ်စားဆဲ

ထို့ကြောင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတကာတွင် မရှိမဖြစ် သော ဝန်ဆောင်မှုလုပ်ငန်းဖြစ်သကဲ့သို့ ခိုင်မာသော စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် တွင်ကျယ်ခေတ်စားဆဲဖြစ်ခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၊ အထူးသဖြင့် အရှေ့တိုင်းနိုင်ငံများသည် မိမိတို့နိုင်ငံအတွင်း ရေကြောင်းသိပ္ပံပညာ ဖွံ့ဖြိုးတိုးတက် အောင် ကြိုးပမ်းဆောင်ရွက်ရင်း အရည်အသွေးပြည့်ဝသော ကျွမ်းကျင်သင်္ဘော ဝန်ထမ်းများ၊ ရေကြောင်းအရာရှိများနှင့် ရေကြောင်းအင်ဂျင်နီယာများ လေ့ကျင့် မွေးထုတ်ပြီး နိုင်ငံတကာတွင် ဝင်ဆံ့အောင်၊ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိအောင် ကြိုးစားလုပ်ဆောင်နေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘက်စုံကဏ္ဍစုံက အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် မျှော်မှန်း ပြီး မိမိနိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကုန်သွယ်ရေကြောင်း ပညာအပါအဝင် ရေကြောင်းသိပ္ပံဆိုင်ရာ ပညာရပ်များ ခေတ်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရေကြောင်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ အရည်အသွေးပြည့်မီစွာ ပြုစုပျိုးထောင်မွေးထုတ်နိုင်စေရန်နှင့် ပင်လယ်ရေကြောင်း သွား ရေယာဉ်ကြီးများ တည်ဆောက်သွားနိုင်စေရန် စီမံဆောင်ရွက်လျက် ရှိနေပြီဖြစ်ကြောင်း။

တိုးပွားဖြစ်ထွန်းနေ

ထို့ကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်း အပြည်ပြည်ဆိုင်ရာ သင်္ဘော ဆိပ်ကမ်းများ၊ နိုင်ငံတကာအဆင့်မီ ဆိပ်ခံတံတားကြီးများ၊ ခေတ်မီ ကုန်သေတ္တာစခန်းများ၊ နိုင်ငံတကာအဆင့်မီ သင်္ဘောကျင်းများ စသည့် ရေကြောင်း ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးပွားဖြစ်ထွန်းနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ရေကြောင်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ယခုရေကြောင်းသိပ္ပံကို အရည်အသွေး မြင့်မားသော နိုင်ငံတကာအဆင့်မီသိပ္ပံတစ်ရပ် ဖြစ်လာစေရန် ခေတ်မီခံ့ညားထည်ဝါသော အဆောက်အအုံများ၊ ခေတ်မီ သင်ထောက်ကူ ပစ္စည်းများ၊ လေ့ကျင့်ရေးဆိုင်ရာ ခေတ်မီအထောက်အကူပြု ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် ဤရေကြောင်းသိပ္ပံကို ရေကြောင်းပညာ ကောလိပ်အဖြစ် အဆင့်တိုးမြှင့်ပေးရန်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ရေကြောင်းသိပ္ပံအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်း (IMO)၏ ကွန်ဗင်းရှင်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီသော ခေတ်မီသင်ရိုးညွှန်းတမ်းများနှင့်အညီ (IMO) အသိအမှတ်ပြု သင်တန်းများကို တိုးချဲ့သင်ကြား ပို့ချပေးလျက်ရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် ကုန်သွယ်ရေကြောင်း ပညာရှင်များ၊ ရေကြောင်းအင်ဂျင်နီယာများ ရေယာဉ်နှင့်သင်္ဘော တည်ဆောက်ရေး ဆိုင်ရာ အင်ဂျင်နီယာများနှင့် ဗိသုကာပညာရှင်များ၊ ခေတ်မီ ပင်လယ်ဆိပ်ကမ်း တည်ဆောက်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်များ စသည့် ရေကြောင်းဆိုင်ရာ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေး နိုင်မည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးလည်း ပေါ်ထွန်းနေပြီ ဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၄ သို့ *

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပို့ဆောင်ရေးဝန်ကြီး ဌာန ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်း အပတ်စဉ် (စီဒီ-၃၁) သင်တန်းဆင်းပွဲနှင့် အပတ်စဉ် (စီဒီ-၃၂) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အုံ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ လွိုင်ကော်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

လွိုင်ကော်ခရိုင်နှင့် လွိုင်ကော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးက ပြည်နယ်၏ အကျယ်အဝန်း၊ တိုင်းရင်းသားလူမျိုးများ အတူတကွစုစည်းနေထိုင်မှု၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများ၊ ဒေသ၏စိုက်ပျိုးရေး၊ သီးနှံစိုက်စွမ်းအားနှင့် ဒေသဝမ်းစာ ဆန်ဖူလုံမှုအခြေအနေများ၊ စားသုံးဆီနှင့်အခြားသီးနှံ ဖူလုံမှုရရှိသည့် အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ ၂၀၀၃–၂၀၀၄ခုနှစ် စီမံကိန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့မှု၊ ကာလတိုစီမံကိန်း ကာလအလိုက် စီမံကိန်းလျာထားချက်ထက် တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့မှုများနှင့် စီးပွားရေးတိုးတက်မှုအခြေအနေများ၊ လူတစ်ဦးချင်းဝင်ငွေ တိုးတက်လာခဲ့သည့် အခြေအနေများ၊ လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တုစသည့် စီးပွားရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ၊ ပြည်နယ်နှင့် တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည့် ပြည်နယ်၊ တိုင်းများတွင် ကယားပြည်နယ်လည်း ပါဝင်နေသည့် အခြေအနေများ၊ နိုင်ငံ့စီးပွားရေးတွင် ပြည်နယ်၊ တိုင်းများက အချိုးအစားအလိုက်ပါဝင်နေမှုများကို ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဒေသတာဝန်ခံများ၊ ဝန်ထမ်းများ၊ ပြည်သူများသည် မိမိနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပြည်နယ်၊ တိုင်း ဒေသအသီးသီးသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်မှာ အားလုံး မျက်မြင်ကိုယ်တွေ့ ပင်ဖြစ်ကြောင်း။

ကယားပြည်နယ် အပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ ကားလမ်း၊ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူး၊ ချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ လေကြောင်းလိုင်းများ တိုးချဲ့ခြင်း၊ ကျေးလက်ဒေသသုံး တယ်လီဖုန်းများ အပါအဝင် တယ်လီဖုန်းကွန်ရက်စနစ် တိုးချဲ့ခြင်းတို့ကြောင့် ပြည်နယ်၊ တိုင်းများအကြား အနေဝေးနေရမှုများ ကျဉ်းကျုံ့သွားပြီး တိုင်းရင်းသားအချင်းချင်းသည် အပြန်အလှန် အထိအတွေ့များလာကာ ရင်းနှီးချစ်ကြည်မှုများတိုးပွား၍ ပြည်ထောင်စုစိတ်ဓာတ်များ တိုးပွားလာစေလျက်ရှိကြောင်း။

အခြေခံကောင်းများဖြစ်ပေါ်

လမ်းပန်းဆက်သွယ်မှု ဆိုင်ရာ အခြေခံများ၊ စီးပွားရေးအခြေခံများ၊ ပညာရေးနှင့် ကျန်းမာရေး အခြေခံများကို တိုတောင်းသော နှစ်ကာလအတွင်း ကြိုးစားပမ်းစား တည်ဆောက်နိုင်ခဲ့ပြီး ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးစသည့် နိုင်ငံရေးဆိုင်ရာ အခြေခံများကို ခိုင်မာစွာ ထူထောင်နိုင်ပြီဖြစ်သည့်အတွက် ဒေသတာဝန်ခံများ၊ ဝန်ထမ်းများနှင့် ပြည်သူများသည် ကဏ္ဍစုံဘက်စုံမှ အတွေ့အကြုံကောင်း၊ အလေ့အကျင့်ကောင်းများ ရရှိရုံသာမက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ဖွံ့စည်းဖြစ်ပေါ်နေပြီဖြစ်ရာ ရှေ့သို့အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်သာလိုကြောင်း။

ကယားပြည်နယ်အတွင်း စိုက်ပျိုးမြေ တိုးချဲ့ခြင်း၊ စိုက်ပျိုးရေရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကြောင့် ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် ယခင်ကထက် မနှိုင်းယှဉ်သာအောင် တိုးတက်လာနေပြီဖြစ်ကြောင်း၊ ပြည်နယ်အနေဖြင့် ဒေသဆန် စတင်ဖူလုံမှုရှိလာပြီဖြစ်သည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့ရှိလာရကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စိုက်ပျိုးမြေတိုးတက်

ယခင်က ပြည်နယ်၏ အသားတင်စိုက်ပျိုးမြေသည် ဧက ၈၅၀၀၀ ကျော်သာ ရှိခဲ့ရာမှ ယခုအခါ ဧက ၁၄၀၀၀၀ခန့်အထိ တိုးတက်လာခဲ့ကြောင်း၊ တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်သည့် ဧရိယာ ဧကနှစ်သိန်းကျော်အထိ တိုးတက်ရရှိလာကြောင်း။

ပြည်နယ်၏ လူဦးရေနှင့် တည်ရှိသော မြေသယံဇာတကို ချိန်ထိုးကြည့်ပါက မြေသယံဇာတပေါ်များသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မဏ္ဍိုင်ပြု၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာအောင် အလေးထားလုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ လယ်ယာကုန်ထုတ်လုပ်မှုကို စီးပွားဖြစ် ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ထွက်ကုန်သီးနှံများကို ဈေးကွက်သို့ တင်ပို့နိုင်သည့် ကားလမ်း၊ ရထားလမ်းများရှိပြီးဖြစ်ရာ လယ်ယာသီးနှံများကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရန်သာ လိုအပ်ကြောင်း။

ထို့ပြင် ကယားပြည်နယ်သည် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေသော ဖွံ့ဖြိုးရေးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းပါ အကျုံးဝင်နေသော ဒေသဖြစ်၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံမှ အခြေခံကောင်းများ ရရှိလျက်ရှိရာ နယ်မြေဒေသရာနှုန်းပြည့် တည်ငြိမ်အေးချမ်းပြီး ဖိဖိစီးစီး အလုပ်လုပ်ကြရန်သာ လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်၊ တိုင်းအားလုံး မျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ အင်တိုက်အားတိုက် တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ ပြည်နယ်၊ တိုင်းအားလုံး၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ တည်ရှိဖြစ်ပေါ်နေပြီ ဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်ဖော်ဆေ

ယင်းအခြေခံကောင်းများက
ပြု၍ ပြည်နယ်ဖွံ့ဖြိုးတိုးတ
နိုင်ငံတော်ကြီးတစ်ရပ်လုံး
ဖွံ့ဖြိုးတိုးတက်ရေးကို အရှိ
ဖြင့် ဖော်ဆောင်သွားကြ
ကြောင်း။

နိုင်ငံရေးဦးတည်ချက်များ
ယခုအခါ ခိုင်မာသည့် ဖွ
အခြေခံဥပဒေသစ် ဖြစ်ပေါ်
နှင့် ဖြစ်ပေါ်လာသည့် ဖွ
အခြေခံဥပဒေသစ်နှင့်အညီ
ဖွံ့ဖြိုးတိုးတက်သော နိုင်ငံေ
တစ်ရပ် တည်ဆောက်ရေး
ဦးတည်ချက်များကို ပြီးပြည့်
လက်တွေ့အကောင်အထည်
သည့် အချိန်ကာလဖြစ်ကြေ

ယင်းဦးတည်ချက်များကို
တွေ့ ရုပ်လုံးဖော်နိုင်ရန် နို
ရှေ့ဆက်သွားမည့် မူဝါဒ
ခုနစ်ရပ်ကိုလည်း ချမှတ်
ဖြစ်ရာ စည်းကမ်းပြည့်ဝသည့်
သော ဒီမိုကရေစီနိုင်ငံတော်
အဟုန်ဖြင့် ညီညီညွတ်ညွတ်

ဆောက်သွားကြရမှာဖြစ်ကြေ
ရှင်းလင်းပြောကြားသည်။

ဖြည့်ဆည်းပေးနိုင်

ထို့နောက် နိုင်ငံတော် ေ
သာယာရေးနှင့် ဖွံ့ဖြိုးရေး
ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်
ကာကွယ်ရေးဦးစီးချုပ်၊ ကာ
ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချ
မောင်အေးက မှာကြားရာ၌
ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး
ပြည်နယ်၊ ခရိုင်၊ မြို့နယ်
တာဝန်ရှိသူများက ကြိုးပမ်းအ
အထည်ဖော် ဆောင်ရွက်ရာ၌
သည်များကို ပံ့ပိုးကူညီ ဖြ
ပေးနိုင်ရန် မိမိတို့ ဗဟိုအဆ
ဖြင့် ကယားပြည်နယ် လွိုင်
သို့ ရောက်ရှိလာခြင်းဖြစ်ေ

အေးချမ်းသာယာပြီး ခေ
တိုးတက်သည့် နိုင်ငံတော်
တည်ဆောက်နေသည့် ယ
ကာလတွင် ကယားပြည်န
လည်း ဖွံ့ဖြိုးတိုးတက်လျက်
ကို တွေ့ကြောင်း၊ အရှိ
မပျက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး
ဆက်လက်ကြိုးပမ်း ဆောင်ရွ
ကြရမှာဖြစ်ကြောင်း။

ရာနှုန်းပြည့်နီးပါး

ခေတ်မီ နိုင်ငံတော်ကြီး
အောင် တည်ဆောက်ရာတွ
တော်၏ စီးပွားရေး ဖွံ့ဖြိုး
ခိုင်မာအောင်၊ ရပ်ရွာဒေသ
အေးချမ်းပြီး တရားဥပဒေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရှိန်အဟုန်ဖြင့်ဖော်ဆောင်

ယင်းအခြေခံကောင်းများကို အခြေပြု၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံရေးဦးတည်ချက်များအနက် ယခုအခါ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်များကို ပြီးပြည့်စုံအောင် လက်တွေ့အကောင်အထည်ဖော်နေသည့် အချိန်ကာလဖြစ်ကြောင်း။

ယင်းဦးတည်ချက်များကို လက်တွေ့ ရုပ်လုံးဖော်နိုင်ရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကိုလည်း ချမှတ်ထားပြီးဖြစ်ရာ စည်းကမ်းပြည့်ဝသည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကို အရှိန်အဟုန်ဖြင့် ညီညီညွတ်ညွတ် တည်ရှိအောင်၊ နိုင်ငံတော်၏ ကာကွယ်ရေးအင်အား တောင့်တင်းအောင် မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အပြည့်အဝ မဟုတ်သည့်တိုင် အခြေခံအုတ်မြစ်များကို ရာနှုန်းပြည့်နီးပါး ထူထောင်ပေးနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ဖြင့် ပြည်နယ်၊ တိုင်း ဒေသအသီးသီး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်လာအောင် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာတွင် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း။

မိမိ တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် လွန်ခဲ့သော ၁၅ နှစ်ခန့်က ကယားပြည်နယ်တွင် လူဦးရေ ၁၅၀၀၀၀ ကျော်သာ ရှိခဲ့ရာမှ ယခုအခါ လူဦးရေ သုံးသိန်းကျော်အထိ တိုးတက်လာပြီဖြစ်ကြောင်း။

အေးအတူပူအမျှ

မိမိတို့၏ ပြည်ထောင်စုကြီးအတွင်း၌ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အေးအတူပူအမျှ ရင်းနှီးချစ်ကြည်စွာ အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြသည်မှာ နှစ်ပရိစ္ဆေဒ ရှည်ကြာခဲ့ပြီဖြစ်ကြောင်း။

ကယားပြည်နယ် အတွင်း၌ပင် ကယား၊ ဗမာ၊ ပဒေါင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးစုများ အတူယှဉ်တွဲလျက် နေထိုင်လျက်ရှိရာ ကယားပြည်နယ်သည် ပြည်ထောင်စုလေးသဖွယ် ဖြစ်တည်လျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့ တိုင်းရင်းသားညီအစ်ကိုများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားနေအောင် စည်းရုံးဖော်ဆောင်ကြရမှာဖြစ်ကြောင်း။

ပြည်တွင်း လက်နက်ကိုင် သောင်းကျန်းမှုချုပ်ငြိမ်းပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းသည်နှင့်အမျှ ယင်းနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်အောင် ပို၍လုပ်ဆောင်ပေးနိုင်မှာဖြစ်ကြောင်း။

ရေးအတွက် အားကြိုးမာန်တက်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖူးမြော်ကြည်ညို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ လွိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ၊ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဝိမုတ္တိသုခရိပ်သာကျောင်း ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေရသဇနှင့် လွိုင်ကော်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော် အရှင်သူမြတ်များအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေတောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရွှေတောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္က ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ လွိုင်ကော်မြို့ပေါ် ကျောင်းတိုက်များမှ ဆရာတော် အရှင်သူမြတ်များအား ဖူးမြော်ကြည်ညို ရွှေတောင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစ

ဆောက်သွားကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဖြည့်ဆည်းပေးနိုင်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ၌ ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လိုအပ်သည်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ ဗဟိုအဆင့်အနေဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်နေသည့် ယနေ့အချိန်ကာလတွင် ကယားပြည်နယ်သည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ကြောင်း၊ အရှိန်အဟုန်မပျက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ရာနှုန်းပြည့်နီးပါး

ခေတ်မီ နိုင်ငံတော်ကြီး ဖြစ်အောင် တည်ဆောက်ရာတွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခိုင်မာအောင်၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု

ထို့ကြောင့် မိမိတို့အနေဖြင့် လက်ငင်း စားနပ်ရိက္ခာ ဖူလုံရုံသာမက နောင်တိုးပွားလာမည့် မျိုးဆက်သစ်များအတွက်ပါ မပူမပင် စားနပ်ရိက္ခာဖူလုံအောင် ဆောင်ရွက်ကြရန် မိမိတို့ မှာကြားတိုက်တွန်းနေခြင်းဖြစ်ကြောင်း။

သို့မှသာ နောင်လာနောက်သားများအတွက် မိမိတို့ တာဝန်ကျေပွန်မှာဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ

အခြားပြည်နယ်၊ တိုင်းများနည်းတူ ကယားပြည်နယ်ကို တစ်ပြိုင်တည်း ယှဉ်တွဲ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနေခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ ပေါ်ထွက်လာသော စိတ်ထားစေတနာကြောင့်ပင်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းစပြု

ယခုအခါ ကယားပြည်နယ်သည်လည်း ယခင်ကနှင့်မတူ တည်ငြိမ်အေးချမ်းစပြုလာနေပြီဖြစ်ကြောင်း၊ လက်နက်ကိုင် သောင်းကျန်းမှုချုပ်ငြိမ်းသွားပါက ကယားပြည်နယ်သည် ပို၍ဖွံ့ဖြိုးတိုးတက်သွားမှာ သေချာကြောင်း။

ကယားပြည်နယ်တွင် ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် တာဝန်ကျသည့် ကယားပြည်နယ်ကို မိမိရပ်ရွာဒေသကဲ့သို့ သဘောထား၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအားလည်း မိမိ၏ မိဘဆွေမျိုးကဲ့သို့ သဘောထား၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်

ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန် အသင်းကြီး၏ရည်ရွယ်ချက်၊ မူဝါဒများပို့ချ

ရန်ကုန် မေ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ပန်းဘဲတန်း အထက(၁)၌ ပြုလုပ်သော ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေး(ဆင့်ပွား)သင်တန်း (၁/၂၀၀၄)၌ အသင်းကြီး၏ရည်ရွယ်ချက်၊မူဝါဒများနှင့်စပ်လျဉ်း၍ ပို့ချသည်။

(သတင်းစဉ်)

* စာမျက်နှာ ၇ မှ

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ရေကြောင်းဆိုင်ရာပညာရပ်များ တိုးတက်ဖြစ်ထွန်းရေးနှင့် ရေကြောင်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားပေါ်ထွန်းရေးတို့အတွက် စနစ်တကျ စီမံအားပေးဆောင်ရွက်ပြီး တိုးတက်အောင်မြင်မှုအကျိုး ရလဒ်ကောင်းများ အကောင်အထည်ဖော်ဖြစ်ထွန်းနေသည့် ယခုကဲ့သို့ အခြေအနေ အချိန်အခါကောင်းတွင် ရေကြောင်းပညာသိပ္ပံက ပြုစုပျိုးထောင်မွေးထုတ်ပေးလိုက်သည့် ကုန်သွယ်ရေကြောင်းအရာရှိများကလည်း နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ အမျိုးသားရေး ဂုဏ်သိက္ခာကို ဖော်ဆောင်မြှင့်တင်ပေးနိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရအောင် မိမိတို့၏တာဝန်များကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင်ဖြင့် ကျေပွန်စွာကြိုးစားထမ်းဆောင်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးလောကတွင် ကောင်းမြတ်သော ဂုဏ်သတင်းပျံ့နှံ့ကျော်ကြားပြီးဖြစ်သည့် မြန်မာသင်္ဘောသားများနှင့် သင်္ဘောအရာရှိများ၏ စည်းကမ်းလိုက်နာတတ်မှု၊ လုပ်ငန်းတာဝန် လိုလားစွာ ကျေကျေပွန်ပွန် ထမ်းဆောင်တတ်မှု၊ လုပ်ငန်းပိုင်နိုင်ကျွမ်းကျင်မှု၊ နည်းစနစ်တိကျမှန်ကန်မှု ဂုဏ်ဒြပ်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း မြန်မာ့ဂုဏ်ကို ဆောင်နိုင်ရန် ကြိုးစားအားထုတ်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

သွေးဆောင်ဖြားယောင်း

ယခုအချိန်အခါတွင် ပြည်ပနိုင်ငံများ၌ တိုင်းတစ်ပါးအထောက်အပံ့ဖြင့် ခိုကပ်နေထိုင်ရင်း မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာ နိုင်ငံတကာ့အလယ်၌ ညှိုးနွမ်းကျဆင်းအောင်၊ နိုင်ငံတော်၏အကျိုးစီးပွား ဆုတ်ယုတ်ကျဆင်းအောင် ဖန်တီးလုပ်ဆောင်နေသည့် အဖျက်အမှောင့်သမားများသည် မြန်မာ့ပင်လယ်ကူးသင်္ဘောသားများ လောကအတွင်းကို ထိုးဖောက်ဝင်ရောက် သွေးဆောင်ဖြားယောင်းမှုများ လုပ်ဆောင်နေသည်ကိုတွေ့ရကြောင်း။

ယခုကဲ့သို့အဖျက်အမှောင့်သမားများနှင့် ကြုံတွေ့ရသည့်အချိန်အခါမျိုးတွင် လတ်တလော မက်လုံးပေး သွေးဆောင်ဖြားယောင်းမှုများ၏ ကောက်ကျစ်သော သဘောထားအမှန်ကို သိမြင်ပြီး အမျိုးသားရေးစိတ်ဓာတ်၊ မြန်မာ့စိတ်ဓာတ်ကို တည့်မတ်ခိုင်မာစွာ မွေးမြူရင်း နိုင်ငံတော်၏သစ္စာကို စောင့်သိကြရန်၊ မိမိနိုင်ငံနှင့် မိမိလူမျိုး၏ ဂုဏ်သိက္ခာမညှိုးနွမ်းစေရအောင် စောင့်ထိန်းသွားကြရန်၊ သူတစ်ပါးဩဇာခံအဖြစ် မရောက်ရအောင် မြန်မာတို့၏သူရဲကောင်းစိတ်ဓာတ်ကို မွေးကြရန်မှာကြားလိုကြောင်း။

အဖျက်အမှောင့်သမားများက ဖန်တီးဖော်ဆောင်လာသည့် ပြဿနာများ အပါအဝင် တိုင်းတစ်ပါး၌ တွေ့ကြုံရသည့် ပင်ပန်းခက်ခဲမှုများ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်ရမှုများကို မိမိတို့ မြန်မာအချင်းချင်း ရိုင်းပင်းကူညီမှု၊ ဖေးမစောင့်ရှောက်မှုများဖြင့် ရင်ဆိုင်ကျော်လွှားကြရင်း မြန်မာနိုင်ငံနှင့် မြန်မာ တို့၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်စေရအောင် ညီအစ်ကိုနှောင်ရင်းစိတ် ဖြင့် ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံး၊ ရိုင်းရိုင်းပင်းပင်း ကြိုးပမ်းဆောင် သွားကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

ကျေးဇူးတုံ့ပြန်

အထူးသဖြင့် ကုန်သွယ်ရေကြောင်းကဏ္ဍတွင် ရေကြောင်းပညာ များ၊ ရေကြောင်းအင်ဂျင်နီယာများအနေဖြင့် ပြည်ပအလုပ်အကိုင်ကတစ် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုနိုင်နေသည့် ယနေ့ခေတ်က တွင် မိမိတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ကြိုး အားထုတ်ရင်း နိုင်ငံတော်အကျိုးဖြစ်ထွန်းစေရေးအတွက်လည်း တ တစ်လှည့် တာဝန်ကျေပွန်စေရအောင် နိုင်ငံတော်၏ကျေးဇူးကို တုံ့ပြန်ဆော သွားကြပါဟု မှာကြားလိုကြောင်း။

ယနေ့စတင်ပြီး သင်တန်းတက်ကြရမည့် ကုန်သွယ်ရေကြေ အရာရှိလောင်းများအနေဖြင့်လည်း နိုင်ငံတကာအဆင့်မီ ရေကြောင်းဆို ပညာရပ်များကို အမိနိုင်ငံအတွင်း လေ့လာဆည်းပူးခွင့် ရရှိနေပြီဖြစ် အခြေအနေအချိန်အခါကောင်းတွေ ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂု ဆောင်နိုင်သည့် ကျွမ်းကျင်ထက်မြက်သော ရေကြောင်းအရာရှိများဖြစ် အောင် ဝီရိယစိုက်ထုတ်ပြီး အပတ်တကုတ်အားထုတ် ကြိုးစားဆည်းပူးသွ ပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ကုန်သွယ်ရေကြောင်းအရာရှိများကို မှာကြ သည်မှာ-

- **အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက် အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာရေး၊ ပြည်ပဝင်ငွေတိုးပွားရ တို့အတွက် မိမိတို့ ကျွမ်းကျင်လိမ္မာရာ ရေကြောင်းအတတ်ပညာ ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါ၊**
- **အရည်အသွေးပြည့်ဝမြင့်မားပြီး မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ ဂုဏ်သ မြှင့်တင်ပေးနိုင်သော ကုန်သွယ်ရေကြောင်း အရာရှိများအဖြစ် ထူ အောင်မြင်အောင် ကြိုးစားအားထုတ်သွားကြပါ၊**
- **အခြေအနေအချိန်အခါ အရပ်ရပ်တွင် မိမိတို့၏ အမျိုးသားရေးအ စီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်သော နိုင်ငံအက အရာရှိကောင်းများဖြစ်အောင် ကြိုးစားအားထုတ်သွားကြပါ**

ဟု တိုက်တွန်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပို့ဆော ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ကျောင်းဆင်းပွဲဂုဏ်ပြု အ အမှတ် လက်ဆောင်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်

(သတင်း

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မိုးကုတ်မြို့နယ် ကျပ်ပြင် အခြေခံပညာအထက်တန်းကျောင်း ရွှေရတနာ သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✧ **နိုင်ငံတော်ဝန်ကြီးချုပ်မှ**

ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းဆောင်သစ် အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးဘဌေး၊ ဇနီး ဒေါ်ခင်လှကြည်နှင့် မိသားစုများ၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအုပ်ကြီးနှင့်ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မိုးကုတ်မြို့နယ် ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်း ရွှေရတနာသုံးထပ် ကျောင်းဆောင်သစ် ဖွင့်ပွဲကို အဆိုပါ ကျောင်းဆောင်သစ် အဆောက်အအုံရှေ့၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်နှင့် ရွှေရတနာ သုံးထပ်ကျောင်းဆောင်သစ် အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးဘဌေးတို့က ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေရတနာ သုံးထပ်ကျောင်းဆောင်သစ်၏ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ မိုးကုတ်မြို့နယ် ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်း ရွှေရတနာ သုံးထပ်ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ် အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးဘဌေးက ငွေကျပ်သိန်းပေါင်း ၁၀၀၀ကျော်တန်ဖိုးရှိ ခန်းမကြီးတစ်ခန်းနှင့် စာသင်ခန်း ၁၅ခန်းပါ ရွှေရတနာ သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းဆောင်သစ်အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးဘဌေးက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျပ်ပြင် အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်လုံးကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့အဖွဲ့သည် မိုးမိတ် မဘိမ်းဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကြည့်ရှုစစ်ဆေးရန် တစ်ချိန်တည်း မိုးကုတ်မြို့နယ် ကျပ်ပြင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်အားပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ကျောင်းဝင်းအတွင်း မဝင်ရောက်မီကပင် ခံ့ညားထည်ဝါလှသည့် သုံးထပ်ကျောင်းဆောင်သစ်ကြီးကို တွေ့မြင်ရသည့်အတွက် ကြည်နူးဝမ်းမြောက်မှုကို စတင်ခံစားရပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်ကြီးကို အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးဘဌေးနှင့်ဇနီးဒေါ်လှခင်ကြည်မိသားစုတို့က ဤဒေသတွင် မှီတင်းနေထိုင်ကြသည့် လူငယ်လူရွယ်များ၏ပညာသင်ကြားမှုကို အထောက်အကူဖြစ်စေရန်နှင့် အနာဂတ်ကာလတွင် ဤကျောင်းတော်ကြီးမှ အသိပညာရှင်နှင့် အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်စူးပြီး အလှူငွေကျပ်သိန်း ၁၀၀၀ကျော် ကျခံကာ ထည်ဝါခံ့ညားသည့် ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းသည် ဤဒေသရှိ လူငယ်လူရွယ်များအတွက် သာမက နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် လှူဒါန်းမှုဟု ပြောကြားလိုကြောင်း၊ ဤကျောင်းတော်ကြီးမှသည် လက်ရှိနိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေကြသည့် ကျောင်းသားဟောင်းကြီးများကို မွေးထုတ်ပေးခဲ့သည့်အစဉ်အလာကောင်းများကိုလည်း ဆက်လက်ဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ချမှတ်လျက် ဖွံ့ဖြိုးပြီး အရှေ့တောင်အာရှနိုင်ငံများနှင့် ပညာရေးကဏ္ဍတွင် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယခုတစ်ဖန် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးအတွက် အမျိုးသားပညာရည် မြင့်မားရေးအနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ငါးနှစ်စီမံကိန်းများဖြင့် ပိုင်းခြားလျက် ဆက်စပ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော် အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် နယ်ပယ်ကဏ္ဍစုံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကဏ္ဍတစ်ရပ်တည်းတွင် တစ်ပြိုင်တည်းတစ်ကြိမ်တည်း ပြီးပြည့်စုံအောင် ပံ့အောဆောင်ရွက်ပေးရန် ခက်ခဲကြောင်း။

ထိုသို့သော အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်တည်ဆောက်ရေးအားထုတ်ကြိုးပမ်းမှုများတွင် စေတနာရှင် ပြည်သူများကပါ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့်အတွက် ယနေ့ဆိုလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အဆောက်အအုံများစွာ ပေါ်ထွန်းလာနေသည်ကို တွေ့ရှိနိုင်မှာဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ယနေ့ဖွင့်လှစ်ပေးလိုက်သည့် ဤကျောင်းတော်သစ်ကြီးမှ နိုင်ငံတော်အတွက် အားထားရမည့် အနာဂတ်၏ ထူးချွန်ထက်မြက်သော ကျောင်းသူ၊ ကျောင်းသားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ဆက်လက်ပေါ်ထွန်းရေး စေတနာအပြည့်ဖြင့် သင်ကြားလေ့ကျင့်ပေးကြရန် မှာကြားလိုကြောင်း။

ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်လည်း အနာဂတ်တွင် နိုင်ငံတော်အတွက် အားထားရမည့် ထူးချွန်ထက်မြက်သည့် အသိပညာရှင် အတတ်ပညာရှင်များဖြစ်အောင် ဆရာ၊ဆရာမများ၏ လေ့ကျင့်သင်ကြားပေးမှုကို ကြိုးစားဆည်းပူးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် အလှူရှင်များကိုလည်း နိုင်ငံတော်၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Language Lab၊ Audio Lab လက်မှုအနုပညာခန်း၊ Printed Media ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြသည်။

မန္တလေးတိုင်း မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲအခမ်းအနားကို နံနက် ၁၁နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသာဌေးတို့က မိုးကုတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Language Lab၊ Learning Centre၊ Projected Media Room၊ Computer Aided Instruction Room ၊Computer Skills Room၊Audio & Visual Room၊ Printed Media Room၊ လက်မှုပညာခန်းနှင့် အိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဂီတရသခန်း၌ ကျောင်းသား၊ကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ မိုးကုတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအစီအစဉ်ကို ကျောင်းခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှတက္ကသိုလ်ဝင်တန်းကျောင်းသူ မချောချောသွယ်က ဂါရဝပြုစကား ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

ရွှေရတနာ သုံးထပ်ကျောင်းဆောင်သစ်

မိုးကုတ်မြို့နယ် ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်း ရွှေရတနာ သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲတွင် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၀ မှ

ထို့နောက် မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေက မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်နှင့် ခေတ်မီ သင်ထောက်ကူပစ္စည်းများ တပ်ဆင်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသာဌေးက မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်နိုင်ရေး ပါဝင်ပံ့ပိုးကူညီ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးကုတ်မြို့ အမှတ်(၁)၊ (၂)နှင့် (၃) အခြေခံပညာ အထက်တန်းကျောင်းများအတွက် ကွန်ပျူတာတစ်လုံးစီကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

အမှာစကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိမိနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးရန် လာရောက်သည့်ခရီးစဉ်တွင် ဤအမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်ပွဲသို့ တက်ရောက်အားပေးခြင်းဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်ပွဲတွင် ကဏ္ဍအလိုက် ပါဝင်ဆင်နွှဲသော ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် မြို့မိမြို့ဖများ၏ ဝမ်းမြောက်ဂုဏ်ယူမှုများနှင့် တက်ကြွသည့်အားမာန်များကိုလည်း တွေ့မြင်ခဲ့ရကြောင်း။

ဆက်စပ်အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည်ပညာရေးစီမံကိန်းကို ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတကာအဆင့်မီ ပညာရေးဖြစ်ထွန်းရေးအတွက် အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူရာ၌ ယနေ့ကမ္ဘာတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနေသည့် Information Technology (IT)နည်းပညာကို တတ်မြောက်ကျွမ်းကျင်ရန် လိုအပ်ကြောင်း။

ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် IT နည်းပညာ တိုးတက်ပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ စေတနာရှင်ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ခေတ်မီသင်ထောက်ကူပစ္စည်းများ တပ်ဆင်ထားသည့် မာလ်တီမီဒီယာစာသင်ခန်းများကို တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းများတွင် တပ်ဆင်အသုံးပြုနိုင်ရန် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အလားတူပင် အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနေသည့် တက္ကသိုလ်၊ ကောလိပ်များတွင်လည်း ခေတ်မီသင်ထောက်ကူ အီလက်ထရောနစ် (Electronic)ပစ္စည်းများကို တပ်ဆင်အသုံးပြု သင်ကြားပေးလျက်ရှိကြောင်း။

ယနေ့ ဖွင့်လှစ်ပွဲတွင် ပါဝင်အစွမ်းပြသကြသည့် ကျောင်းသူ၊ ကျောင်းသားများ၏ ဉာဏ်ရည်ဉာဏ်သွေးတင်ပြမှု၊ တက်ကြွမှုများကိုလည်း တွေ့မြင်ရသဖြင့် အနာဂတ်တွင် ဤကျောင်းတော်ကြီးမှ နိုင်ငံတော်အတွက် အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ များစွာပေါ်ထွက်လာမည်ဟု ယုံကြည်မှုဖြစ်ရကြောင်း။

ဆရာ၊ ဆရာမများကလည်း မိမိတို့ တပည့် ကျောင်းသူ၊ ကျောင်းသားများအား စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီး ကျောင်းသူ၊ ကျောင်းသားများကလည်း နိုင်ငံတော်အတွက် အနာဂတ်တွင် သားကောင်းရတနာများဖြစ်အောင် ကြိုးစားလေ့ကျင့်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုပေါင်းဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာတင့်တင့်ကြည်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံပရဝဏ်အတွင်း လှည့်လည်၍ အဆောက်အအုံဟောင်းများ၏ အကွက်ချပုံစံနှင့် အဆောက်အအုံသစ် တိုးချဲ့နိုင်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့တည်ဆောက်ရေးမှာကြား

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဆေးရုံအုပ် ဒေါက်တာတင့်တင့်ကြည်တို့က ဆေးရုံ၏တည်နေရာနှင့်အကျယ်အဝန်း၊ လက်ရှိအဆောက်အအုံများ၏ အကွက်ချပုံစံ၊ တိုးချဲ့အဆောက်အအုံသစ် တည်ဆောက်နိုင်မည့်အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးကုတ်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်သူ့ဆေးရုံကို ခုတင် ၁၀၀ ဆံ့ တိုးမြှင့်နိုင်ရန် အဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်မျက်တူးဖော်ရေးစခန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ ရွှေပြည်အေး ကျောက်မျက်တူးဖော်ရေးစခန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မိုးကုတ်ကျောက်မျက်ရတနာမြေ၏ နောက်ခံသမိုင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်တူးဖော်ရေးဌာန လုပ်ကွက်များမှ ကျောက်မျက်ထွက်ရှိမှု၊ ကျောက်မျက်ရတနာဖက်စပ်လုပ်ငန်း၊ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းလုပ်ကိုင်နေမှု၊ အဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ကုမ္ပဏီများ၏ လုပ်ကွက်များအခြေအနေ၊ ကျောက်မျက်လုပ်ငန်းမှ အခွန်ရရှိမှု၊ မိုးကုတ်ရတနာမြေမှ ထူးခြားထွက်ရှိခဲ့သော ကျောက်မျက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောက်မျက်တူးဖော်မှုလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုမရှိအောင် ထိန်းသိမ်းကာကွယ်ရေးနှင့် ကျောက်မျက်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး စနစ်တကျ စစ်ဆေးကြပ်မတ်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖြုန်းဆေးလုပ်ငန်းကို လည်းကောင်း၊ ကျောက်မျက်လုပ်ကွက်များမှ ထွက်ရှိသော ကျောက်မျက်များကိုလည်းကောင်း၊ ကျောက်မျက်ရွေးချယ်ခြင်း လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယူရေးနပ်စ် ကုမ္ပဏီလီမိတက်၏ ကျောက်မျက်လုပ်ကွက်သို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျောက်မျက်တူးဖော်မှု လုပ်ငန်းခွင်အတွင်း လိုက်လံပြသ ရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လျန်ရှန်းကျောက်မျက်ကုမ္ပဏီ၏ ကျောက်မျက်လုပ်ကွက်သို့ ရောက်ရှိကြရာ တာဝန်ခံ ဦးရန်မိုးလျန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျောက်မျက်ရတနာတူးဖော်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ မေ ၅ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ(၁၁)ရက်မှ(၁၃)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၂/ ၂၀၀၄) ကျင်းပ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၂/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား) နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းကဏ္ဍကြီး ငါးရပ်နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်နှင့်အညီ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှု အခြေအနေများ၊ စည်းရုံးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏(၁/၂၀၀၄) အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူးက(၂/၂၀၀၄) အစည်းအဝေးသို့ တင်ပြရန်ရှိသည့် လုပ်ငန်းဆိုင်ရာများကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် လုပ်ငန်းတာဝန်ကြီး ငါးရပ်အဖွဲ့ခေါင်းဆောင်များနှင့် စည်းရုံးရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ဗဟိုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)ကကော်မတီနှင့်လုပ်ငန်းအဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကမ်းဆင့်အမွေ

* စစ်သားဖခင်၊ မွေးမိခင်တို့
သန့်စင်မွေးဖွား၊ သားယောကျ်ားမို့
ကြီးထွားလွန်မြောက်၊ အရွယ်ရောက်သော်
တစ်ယောက်ဆိုတစ်အား၊ နိုင်ငံ့သားစစ်
ဧကန်ဖြစ်အောင်၊ ပြည်ချစ်တပ်မတော်
မှုထမ်းပျော်ဟု၊ စေ့ဆော်ညွှန်ပြ
နေရာချ၍၊ မိဘနှစ်ပါး
ကျေပွန်သွားသော၊ စစ်သားဝန်တာ
ကမ်းဆင့်ကာလျှင်၊ စဉ်လာမွေနှစ်
ထိန်းသိမ်းရစ်သည့်၊ စစ်သားဘဝ
ငါလျှင်ရ။

* စစ်သားဘဝ၊ မွေ့ပျော်ရစဉ်
ကြီးစွ ငယ်စွ၊ ဝန်တာမျှ၍
ထကြွဝန်ထမ်း၊ ဘယ်မပန်းခဲ့
ရှေ့တန်း နောက်တန်း၊ တပ်လုပ်ငန်းနှင့်
ခွဲခြမ်းစိတ်ပြု၊ အုပ်ချုပ်မှုတာ
မြောက်မြားစွာကို၊ စေတနာပြင်
ပြည်ချစ်မြင်ဖြင့်၊ စွဲထင်မှတ်ကာ
(တပ်မတော်သာအမိ၊ တပ်မတော်သာအဖ)
သံမှိုချသို့၊ ထိုမှတစ်ပါး
အခြားမရှိ၊ သည်အသိဖြင့်
တပ်၏ဝန်တာ၊ ပြည့်ဝန်တာကို
ကျေစွာထမ်းလျက်၊ ဦးထိပ်ရွက်။

* ဩော်–ဖမိအမွေ၊ တပ်၌နေရင်း
ကြာရှည်ကာလ၊ မြောက်မြားစွတည့်
ဘဝမိခင်၊ တပ်ရင်ခွင်၌
ငြိုငြင်မရှိ၊ နေခဲ့ဘိစဉ်
ဖမိပေးသွား၊ တပ်မတော်သားဘဝ
ငါကားရခဲ့၊ ငါမှလွန်မြောက်
ငါ့သားရောက်သော်၊ စွမ်းလောက်မှန်းမျှော်
တပ်မတော်သို့၊ ဝင်ပျော်မှုထမ်း
လက်ဆင့်ကမ်းအံ့၊ ရော်ရမ်းမျှော်ရှည်
ကြည့်လိုက်လေမူ၊ သူ့မေရင်ခွင်
ခေါင်းတိုးဝင်၍၊ သန့်စင်နို့ရေ(ရည်)
သောက်စို့နေသော၊ စိုပြည်ဖွံ့ထွား
ချစ်သောသား၏၊ ပြုံးများလှိုင်ပြည့်
သူ့အကြည့်ကြောင့်၊ ပီတိအားရ
ငါစိတ်ချပြီ
ငါ့၏ဝန်တာကျေတော့မည်။
" ဖ မိ" မြင်ပါစေရော့အတည်။

(တပ်မတော်သားဘဝသို့ရောက်ခဲ့သော မေလ ၈ ရက် အမှတ်တရ)

ရန်နိုင်ဦး

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားလိုင်းသစ် မကြာမီထုတ်လွှင့်မည် ဗဟုသုတ၊ ဖျော်ဖြေရေး၊ သတင်းများ ဝေဝေဆာဆာပါဝင် ပြည်သူများ နှစ်သက်ရာအချိန်တွင် ရွေးချယ်ကြည့်ရှုနိုင်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြား လိုင်းသစ် ထုတ်လွှင့်နိုင်ရေး အတွက် တတိယအကြိမ်ညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ကြီးဌာနများနှင့် သက်ဆိုင်သော ပညာပေးအစီအစဉ်အဖြစ် ရုပ်မြင်သံကြားလိုင်းအသစ်တစ်ခု ထပ်မံတိုးချဲ့ ထုတ်လွှင့်ရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် MRTV-4 Channel အောင်မြင်အောင် ထုတ်လွှင့်ရေးမှာ ဝန်ကြီးဌာနအသီးသီးနှင့်အဖွဲ့အစည်းအသီးသီးတို့၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ပြည်သူ များကိုလည်းကောင်း၊ မိမိဝန်ထမ်းများကိုလည်းကောင်း ပညာပေးလိုသော၊ အသိပေးလိုသော Program များကို ထုတ်လုပ်ပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် ပြည်နယ်၊ တိုင်းအသီးသီးရှိ ဝန်ကြီးဌာနရုံး၊ ကျောင်း၊ သင်တန်း၊ သုတေသန ဌာနစသည်တို့တွင် MRTV-4ဖမ်းစက်များတပ်ဆင်ပြီး သင်ခန်းစာများ ပို့ချနိုင်သဖြင့် ကျယ်ကျယ် ပြန့်ပြန့်တပ်ဆင်အသုံးပြုသင့်ကြောင်း၊ အလားတူ ပြည်သူ များအနေဖြင့်လည်း MRTV-4 ဖမ်းစက်များတပ်ဆင်ကြည့်ရှုလာအောင်စည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ Channel-4 ၏ ရည်ရွယ်ချက်အောင်မြင်မည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် ဝန်ကြီးဌာနများမှ Program အတော်များများကို ရရှိနေပြီဖြစ်၍ မကြာမီရက်ပိုင်းအတွင်း စတင်ထုတ်လွှင့်တော့မည်ဖြစ်ကြောင်း၊ ယခုထက်ပိုမိုပြည့်စုံကောင်းမွန်အောင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက MRTV-4ထုတ်လွှင့်ရန် ပြင်ဆင်ထားရှိမှု၊ ဝန်ကြီးဌာနများမှ Program များ ပေးပို့ထားရှိမှုနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရမည့် အစီအစဉ်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆောင်ရွက် ပေးမည့်ကဏ္ဍများ၊ MRTV-4 ထုတ်လွှင့်မည့် အစီအစဉ်လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ Forever Group Co., Ltd. ဒါရိုက်တာ ဦးဝင်းမော်က ဝန်ကြီးဌာနများအလိုက် MRTV-4 တွင် ထုတ်လွှင့်နိုင်မှုအခြေအနေများနှင့် MM Box များတွင် ထည့်သွင်းထားသည့် Program များ၊ MM Box ၏ စွမ်းဆောင်နိုင်မှု အရည်အသွေးများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာန အသီးသီးမှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များက MRTV-4 ထုတ်လွှင့်ရေးအတွက် ဝန်ကြီးဌာန အလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ထပ်မံရိုက်ကူး ထုတ်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေ ၆နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

ဝေဝေဆာဆာ

မကြာမီရက်ပိုင်းအတွင်း စတင်ထုတ်လွှင့်တော့မည့် MRTV-4ရုပ်မြင်သံကြားလိုင်းတွင် ပြည်သူများ ဗဟုသုတ ကြွယ်ဝစေမည့် သိကောင်းဖွယ်ရာအစီအစဉ်များအပြင်ဖျော်ဖြေရေးအစီအစဉ်များ၊ သတင်းများ ဝေဝေဆာဆာ ပါဝင်မည်ဖြစ်သည်။ MRTV-4 ကို ဖမ်းယူကြည့်ရှုနိုင်မည့် မြန်မာမီဒီယာစက် MM Box တွင် နေ့စဉ်ပြည်တွင်းပြည်ပရုပ်ရှင်ဗီဒီယိုဇာတ်ကား သုံးကား၊ နိုင်ငံခြားဇာတ်လမ်းတွဲများ၊ တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ကာရာအိုကေ တေးသီချင်းများ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြား ကောက်နုတ်ချက်အစီအစဉ်များ၊ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်နှင့် လစဉ်ထုတ်မဂ္ဂဇင်းများကိုလည်း ထည့်သွင်းပေးထားမည် ဖြစ်သည်။ ယင်းအစီအစဉ်များကို ပြည်သူများအနေဖြင့် နှစ်သက်ရာအချိန်တွင် ရွေးချယ်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်များ၊ တိုင်းရင်းသား အစီအစဉ်များ အပါအဝင် Yangon City FM အစီအစဉ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် MM Box ဖြင့် နားဆင်နိုင်ရန် စုံလင်စွာစီစဉ်ထားသည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင်
မီးတွင် မပေါ့နှင့်

ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းအပတ်စဉ်(စီဒီ-၃၁) ထူးချွန်ဆုပေးပွဲ၊သင်တန်းဆင်း အောင်လက်မှတ် ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၇

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းအပတ်စဉ်(စီဒီ-၃၁) ထူးချွန်ဆုပေးပွဲ၊ သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ ရေကြောင်းပညာသိပ္ပံခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ကုန်သွယ်ရေကြောင်း အရာရှိလောင်း(ရေကြောင်း)တွင် စံပြအရာရှိလောင်းဆုရ အရာရှိလောင်းစည်သူလွင်နှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်း(အင်ဂျင်နီယာ)တွင် စံပြအရာရှိလောင်းဆုရ အရာရှိလောင်း ကိုကိုမောင်တို့အား လည်းကောင်း၊ ဒုတိယဝန်ကြီးဦးဖေသန်းက ကုန်သွယ်ရေကြောင်းအရာရှိလောင်း (ရေကြောင်း)တွင် စာပေထူးချွန်ဆုရ အရာရှိလောင်း နေလင်းထွန်းအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ကုန်သွယ်ရေကြောင်းအရာရှိလောင်း (အင်ဂျင်နီယာ)တွင် စာပေထူးချွန်ဆုရ အရာရှိလောင်း နေထွန်းဦးအားလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးအရာရှိဗိုလ်မှူးချုပ်မျိုးတင်က စစ်ရေးပြ ထူးချွန်ဆုရ အရာရှိလောင်း ကျော်သက်ထွန်းအား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး ဦးဝင်းသိမ်းက သင်တန်းဆင်းကျောင်းသားများအား ဆုံးမစကားပြောကြားပြီး ဝတ်စားဆင်ယင်မှုထူးချွန်ဆု၊ အခန်းတွင်းသန့်ရှင်းသပ်ရပ်မှုထူးချွန်ဆု၊ အကောင်းဆုံးစစ်ရေးပြတပ်ခွဲဆု ရရှိကြသော ထူးချွန်ဆုရ ကျောင်းသားများနှင့် တပ်ခွဲခေါင်းဆောင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့် ဌာနမှူးများက သင်တန်းသားများအား အောင်လက်မှတ်များကို တစ်ဦးချင်းပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

Daewoo E & P Myanmar ရုံးသစ်ဖွင့်လှစ်

ရန်ကုန် မေ ၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့နံနက်ပိုင်းတွင် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC) **စတုတ္ထထပ်၌ ကျင်းပသော** Daewoo E & P Myanmar **ရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဒေဝူးကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Kyung Woo၊ ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌ Mr. Tae Yong Lee နှင့် တာဝန်ရှိသူတို့က ရုံးခန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

Daewoo E & P Myanmar သည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်း၍ ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်ရန်အတွက် ယခုကဲ့သို့ ရုံးသစ်ဖွင့် ဆောင်ရွက်လာခြင်းဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၇

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီနှင့် ပရိဘောဂဖြည့်တင်းရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့နှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများက မိမိတို့ လုပ်ငန်းဌာနအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်နှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး အကြံပြု တင်ပြကြပြီး အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ် လွန်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားကာ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များသည် အမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမတွင် ပြင်ဆင်ထားရှိမှု အခြေအနေများနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီစတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် အဖွင့်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅	၂။	**တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅	၇။	အတီးပြိုင်ပွဲ
၈:၁၅	၈။	ရွှေလီတံတား
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Happy and Educational English Summer Course MRTV.(SeniorClass)
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၂၅	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၃၉)**
၂:၀၀	၇။	ပျားလိမ္မော် စိုက်ပျိုးရေးလုပ်ငန်း
၂:၁၀	၈။	"မြတ်မျိုးမြင့်မှန်" (ပြေတီဦး၊မေစန္ဒာစိုးညွှန့်၊ ဦးကျော်နိုင်၊ဦးစောနိုင် (ရုပ်ပြည်)
၂:၃၅	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၄၅	၁၀။	International News.
၃:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English For Everyday Use.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၅:၁၅	၆။	အကပဒေသာ
၅:၃၀	၇။	**သစ်ဆိမ့်ဖူးစာ (သျှားညို၊မိုးဒီ၊မြင့်မြင့်ခိုင်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
၅:၄၅	၈။	တေးဂီတအစီအစဉ်
၆:၀၀	၉။	ကမ္ဘာကြက်ခြေနီနေ့တေးများ
၆:၁၅	၁၀။	စားကြမယ်ဟော့ကောင်းကောင်း
၆:၃၀	၁၁။	ညနေခင်းသတင်း
၇:၀၀	၁၂။	မိုးလေဝသအခြေအနေ
၇:၀၅	၁၃။	Discovery
၇:၁၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း-၉)**
၇:၄၅	၁၅။	ဆီထွက်သီးနှံဖူလုံရေး ဆီအုန်းတိုးချဲ့စိုက်ပျိုးပေး
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**မြန်မာဗီဒီယိုဇာတ်လမ်း အပြာရောင်သမုဒယကောင်းကင် (လူမင်း၊မို့မို့မြင့်အောင်၊ ရတနာခင်) (ဒါရိုက်တာ-သန်းဖေလေး)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

World Red Cross Day-2004

ကမ္ဘာ့ကြက်ခြေနီနေ့

ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏စိတ်ထားမှန်

STOP DISCRIMINATION

၂၀၀၄ ခုနှစ်၊ မေလ (၈) ရက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း

မြန်မာနိုင်ငံဗိသုကာရှေ့ရေးတူအကြိုစာတမ်းဖတ်ပွဲ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ ကြီးမှူး၍ ဗိသုကာရှေ့ရေးတူ အကြိုလှုပ်ရှားမှု အဖြစ် "Tall Building-A Challenge for Myanmar Architects and Engineers" ခေါင်းစဉ်ဖြင့် စာတမ်းများဖတ်ကြားမည်။ မြန်မာလူနေမှုပုံစံတွင် ပါဝင်ပတ်သက်လာပြီဖြစ်သော အထပ်မြင့်အဆောက်အအုံတည်ဆောက်ရာတွင် လိုအပ်သောနည်းပညာ၊ အသိနှင့် အတတ်ပညာ၊ ဆောက်လုပ်ရေး ပစ္စည်းအသုံးပြုပုံ၊ ပတ်ဝန်းကျင်အနေအထားနှင့် လူနေမှုဘဝ သဟဇာတဖြစ်အောင် လိုအပ်သောအချက်များကို ပညာရှင်များအတွက်သာမကဘဲ အများပြည်သူများအတွက်ပါ ပညာပေးအစီအစဉ်ဖြင့် ဝါရင့်ဗိသုကာနှင့် အင်ဂျင်နီယာ ပညာရှင်ကြီးများက ဖတ်ကြားတင်ပြမည်။ စာတမ်းများမှာ ၁။ Emergence of Tall Building, ၂။ Effect of Tall Building on Town Planing and Environments, ၃။ Form of Tall Building, ၄။ Structural Concept for Tall Building, ၅။ Basic Mechanical and Electrical Consideration for Tall Building, ၆။ Distribution of Tall Building in Yangon City တို့ဖြစ်၍ စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်သည်။ စာတမ်းဖတ်ပွဲကို မေ ၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှစ၍ MICT Park လှိုင်တက္ကသိုလ် နယ်မြေ၌ ကျင်းပမည်။

(က-ပ)

စစ်တုရင်ပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် အမျိုးသမီးတံခွန်စိုက်နှင့် သက်တန်းအလိုက် အသက် ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀နှစ်အောက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ကျင်းပရာ အသက် ၁၂နှစ်အောက် လူငယ်ပြိုင်ပွဲ၊ အသက် ၁၄နှစ်အောက် လူငယ်ပြိုင်ပွဲ၊ အသက် ၁၆နှစ်အောက် လူငယ်ပြိုင်ပွဲနှင့် အသက် ၁၈နှစ်အောက် လူငယ်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ဆုတံဆိပ်နှင့်ဆုငွေများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက အသက် ၂၀အောက် လူငယ်ပြိုင်ပွဲတွင် ဆုရသူများအားလည်းကောင်း ဆုတံဆိပ်နှင့် ဆုငွေများအသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်းက အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများနှင့် အမျိုးသမီး တံခွန်စိုက်ချန်ပီယံဆုရ မေစုလွင် (ပဲခူးဒီဂရီကောလိပ်)အား တံခွန်စိုက်ဒိုင်းဆုကို ချီးမြှင့်လိုက်သည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်-၅၂(ဘီ)နေ ဦးအောင်မိုးကျော်-ဒေါ်မာမာထွန်းတို့အား အမှူးထား၍ သမီး ပွင့်၊ သား မောင်ကျော်ထက် မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးဆောက်လုပ်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)သို့ ဧပြီ ၂၅ရက်က ပေးအပ်လှူဒါန်းစဉ်။(က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၇-၅-၂၀၀၄)

ရမည်းသင်း	- ၁ ဒသမ ၈၁ လက်မ
မှော်ဘီ	- ၁ ဒသမ ၅၇ လက်မ
မင်္ဂလာဒုံ(ရန်ကုန်)	- ၁ ဒသမ ၃၀ လက်မ
အောင်လံ	- ၁ ဒသမ ၁၈ လက်မ

ထူးခြားသည့်နေ့အပူချိန်များ

(၇-၅-၂၀၀၄)

မင်းဘူး	- ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
မကွေး	- ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
သာယာဝတီ	- ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
အောင်လံ	- ၄၁ ဒီဂရီစင်တီဂရိတ် (၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)
မော်လိုက်	- ၄၁ ဒီဂရီစင်တီဂရိတ် (၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	- ၃၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၁၀၀ ဒီဂရီဖာရင်ဟိုက်)

မေ ၇ရက်က နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲတွင် လိုလိန်းအလှကုန်ပစ္စည်းအရောင်းခန်းမ၌ ကြည့်ရှုလေ့လာသူများကို တွေ့ရစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံကို ဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၀)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက မေ ၂ရက်တွင် ဈေးရောင်းပွဲတော် ကျင်းပစဉ်။ (က-ပ)

(၂)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ကိုဇာနည်ဝင်းမြင့်နှင့် ချစ်မေမေ မအေးသဍ္ဍာဝင်းတို့၏ တစ်ဦးတည်းသော ချစ်သမီးလေး ယွန်းသဍ္ဍာနည်(ခ)ယွန်းယွန်းလေး၏ (၈-၅-၂၀၀၄)ရက်နေ့တွင် ကျရောက်သော (၂)နှစ်ပြည့်မွေးနေ့မှသည် နှစ်ပေါင်းရာကျော်တိုင်အောင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်ပြီး အသိဉာဏ်ပညာအလိမ္မာနှင့်ပြည့်စုံသော ထူးချွန်ထက်မြက်သည့် သမီးကောင်းရတနာလေးဖြစ်ပါစေ......။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား၊ ဘဘနှင့် ကြီးကြီးများ။

ကာရိုနီးကား

အငှားလိုက်ပါသည်။ ၁၁၂၊ အမှတ်(၄)လမ်းမကြီး ပန်းခြံနေ၊ ရွှေပြည်သာ၊ ကော်မှုရုံအနီး။ Tel-703234

အမည်ပြောင်းခြင်း

ဒေါက်တာ ထွန်းထွန်း၏ သမီး 3rd M.B, ဆေးတက္ကသိုလ်(၂)မှ မနှင်းဦးပွင့် [၁၂/မဂဒ(နိုင်)၁၁၄၅၁၃]အား ယနေ့မှစ၍ မအေးယုလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **အေးယုလွင်။**

" True Hope " ကွန်ပျူတာသင်တန်းများ

C/C++ Programming (15-05-2004)

C/C++ Programming (24-05-2004)

Visual Basic Programming (18-05-2004)

Office Automation Course (07-06-2004)

☎: ၂၅၁၃၅၂

ဒေါ်တင်ရွှိုင် B.A(Eng) ဦးစီးသော

SUPER-A-ONE အင်္ဂလိပ်စကားပြော(၃)လအတတ်

Interview (၁)ပတ်၊ နိုင်ငံခြားသွား(၁)လ၊ အခြေခံအဆင့်မြင့်(၁)လ၊

Tourism, Hotel, Company, Student Visa, Grammer.

တိုက်(၁)၊အခန်း(၂၂)၊ ပ-ထပ်၊လှည်းတန်းမီးပွိုင့်အနီး၊ ☎ 511231

နှစ်(၃၀)ကျော်အရှိန်အဟုန်မပျက်အောင်မြင်ကျော်ကြားလျက်ရှိသော

တိုင်း ရေဒီယိုသိပ္ပံ

ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗွီဒီယို၊ စီဒီ၊ ဗွီစီဒီလက်တွေ့အထူးအမြန်သင်တန်း

ကျောင်းသားသစ်များလက်ခံပြီ။

အမှတ်(၅၀)၊ အင်းစိန်လမ်းမ၊ ဘုတာရုံမှတ်တိုင်နှင့် သုခမှတ်တိုင်ကြား လှိုင်မြို့နယ်။

☎ 01-535151, 09-80-34549



ပန်းတောင်းမြို့နယ်အသင်း သက်ကြီးပူဇော်မည်

ပန်းတောင်း မေ ၄

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မြို့နယ် မဂ္ဂဇင်းဖြန့်ချိခြင်း အခမ်းအနားကို မေ ၉ ရက် နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း(ဟုမ်းလမ်း)ရှိ အမ္ဗာရာမ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သား အားလုံးနှင့် အပူဇော်ခံကြမည့် အသက်(၇၅)နှစ်နှင့်အထက် အဘိုး၊ အဘွားများနှင့် အသင်းဝင်များ၏ သား၊ သမီးများထဲမှ ၂၀၀၂–၂၀၀၃ခု ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲကိုဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စု ရေပူစမ်းကျေးရွာတွင် အထွက်တိုး စပ်မျိုးစပါးထုတ်လုပ်မှုကို မေ ၂၆ ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၂၄၇)

ဂန့်ဂေါမြို့နယ် သံဃာ့ဒါန ဆွမ်းလောင်းလှူ

ဂန့်ဂေါ ဧပြီ ၂၅

ဂန့်ဂေါမြို့ မြို့မရပ်ကွက်၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အကြိမ်(၆၀)မြောက် သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို ဧပြီ ၁၇ ရက်နံနက်က မြစ်သာမြစ် လူကူးကြိုးတံတားအနီး ဆွမ်းလောင်းမဏ္ဍပ်၌ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည်။

အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ မြို့နယ် သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ မြို့မစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ အမှူးပြုသောသံဃာတော်အပါး ၂၀၀ တို့ ကြွရောက်တော်မူပြီး ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေ၊ အတွင်းရေးမှူး ဗိုလ်မှူးအောင်လှ၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကေသီနွယ်တို့နှင့် အလှူရှင် ၁၅၀၀ ကျော်တို့ တက်ရောက်လောင်းလှူကြကြောင်း သိရသည်။ **(၄၆၅)**

လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး ဒုတိယအကြိမ် ပညာပေး ဟောပြော

တောင်တွင်းကြီး မေ ၁

လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး (ဒုတိယအကြိမ်) ပညာပေးဟောပြောပွဲကို တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှကြိုင်၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ မြို့နယ်မှူး ဒုရဲမှူးငွေထွန်း၊ တွဲဖက် မြို့နယ်တရားသူကြီး ဒေါ်တင်တင်ဝင်းနှင့် ရဲအုပ် ဦးသာဌေးတို့ လူမှောင်ခို ကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းရပ်များနှင့် ပတ်သက်၍ ပညာပေးဟောပြောကြသည်။ **(၁၉၆)**

တပ်နယ်မှူးဒိုင်း ဘောလုံးပြိုင်

ဆီဆိုင် ဧပြီ ၂၀

ဆီဆိုင်မြို့နယ် ဘန်းယဉ်တပ်နယ်မှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက်က ဘန်းယဉ်ကျေးရွာ ဘောလုံးကွင်းတွင် ကျင်းပရာ တန်းယဉ်ရပ်ကွက်နှင့် ကျေးရွာမှ ဘောလုံးအသင်း ရှစ်သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် တပ်နယ်မှူး ဗိုလ်မှူးထင်ကျော်ထူးက အမှာစကားပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

ဝိပဿနာတရားစခန်းနှင့် အဘိဓမ္မာသင်တန်းဖွင့်

ကျောက်ပန်းတောင်း ဧပြီ ၂၈

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ် အောင်ပြည့်ချမ်းသာ ပရိယတ္တိစာသင်တိုက်တွင် တတိယအကြိမ်မြောက် ဝိပဿနာအလုပ်ပေးတရားစခန်းနှင့် အခြေခံ အဘိဓမ္မာသင်တန်းကို ပဓာန နာယကဆရာတော် ဓမ္မာစရိယ၊ ဘီအေ–မြန်မာစာ ဘဒ္ဒန္တ ဇဝနဉာဏက သင်တန်းပို့ချတော်မူပြီး ဧပြီ ၇ ရက်မှ ၁၇ ရက်ထိ တရားစခန်းဖွင့်လှစ်ခဲ့သည်။

လှူဒါန်း

အဆိုပါ သင်တန်းသို့ စာချ၊ စာသင် သံဃာတော်အပါး ၃၀၊ ဒုလ္လဘသံဃာတော် ၁၀ ပါး၊ သီလရှင်ရှစ်ပါး၊ ယောဂီ ၉၀ ကျော် တက်ရောက်သင်ကြားတရားအားထုတ်ကြကာ ဝိပဿနာတရားစခန်းနှင့် အခြေခံအဘိဓမ္မာသင်တန်းအတွင်း ဆွမ်းနှင့် အချိုရည်တို့ကို ကျောက်ပန်းတောင်းမြို့၊ မိတ္ထီလာမြို့၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ အောင်ပန်းမြို့နှင့် စစ်ကိုင်းတိုင်း မုံရွာမြို့များရှိ ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများက ဆွမ်းဆန်တော်နှင့် ဆီများ လှူဒါန်းကြကြောင်း သိရသည်။ **(၁၉၂)**

မြစ်ကြီးနားမြို့တွင် အဖွဲ့ပိုင်ယန္တရားဖြင့် ရေနုတ်မြောင်းတူးဖော်

မြစ်ကြီးနား မေ ၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် စီမံချက်များချမှတ်ကာ တစ်နှစ်ပတ်လုံး စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧပြီ ၂၃ ရက်က ပြည်ထောင်စုလမ်းမကြီး၏ ဝဲ/ယာတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စက်ယန္တရားကြီးများဖြင့် ရေနုတ်မြောင်း တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် အင်ဂျင်နီယာမှူး ဦးတင်ဦးတို့က ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(ပြည်နယ်စည်ပင်)

မြို့နယ်သတင်းများ

ဒေးဒရဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးတင်ထွန်း ဧပြီ ၃၀ ရက်က နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်ရာ မငေးကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ လက်ခံယူစဉ်။ (က–ပ)

ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ် စည်ပင်သာယာရေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက်စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ပြည်သူများ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ရာ အမှုဆောင်အရာရှိ ဦးတင်မောင်ဌေးနှင့် မီးသတ်တပ်ဖွဲ့ တပ်ကြပ်ကြီး ဦးကျော်သောင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကူးစက်ရောဂါဆိုင်ရာကုသခြင်း သင်တန်းဖွင့်

ဇီးကုန်း မေ ၁

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဧပြီ ၂၉ ရက် နံနက် ၉ နာရီက လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဆိုင်ရာ၊ လက္ခဏာဆိုင်ရာ လက္ခဏာစုများအား ကုသခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးကြည်လွင်က အမှာစကားပြောကြားပြီး ပညာပေးသင်တန်းသို့ ဒေါက်တာဦးကြည်လွင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်သီတာနှင့် ကျန်းမာရေးဝန်ထမ်း ၄၀ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၉ ရက်မှ ၃၀ ရက်ထိ ဖြစ်သည်။ **(၂၈၉)**

လပွတ္တာမြို့နယ် ပြင်စလူ၌ ပြန်/ဆက်ရုံးဖွင့်

လပွတ္တာ ဧပြီ ၃၀

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် ပြင်စလူတွင် ဧပြီ ၂၈ရက် မွန်းလွဲ ၂ နာရီက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဖွင့်ပွဲကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြောင်းမြခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးမြသင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိမြို့ဖများ ပြည်သူလူထု ၅၀၀၀ကျော် တက်ရောက်ခဲ့သည်။ လပွတ္တာမြို့နယ် ပြင်စလူရုံးကို မြို့မိမြို့ဖ ဦးရွှေကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(မြို့နယ်ပြန်/ဆက်)**

ဂျာနယ်ကျော် ဦးချစ်မောင် စာကြည့်တိုက်ဖွင့်

အုတ်ဖို ဧပြီ ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့တွင် ဂျာနယ်ကျော် ဦးချစ်မောင် စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၂ ရက် နံနက် ၈ နာရီက မြို့နယ်မော်တော်ယာဉ်ရုံးခန်းမ(ယာယီအဆောက်အအုံ)တွင် ကျင်းပသည်။

ရှေးဦးစွာ ဂျာနယ်ကျော် ဦးချစ်မောင် စာကြည့်တိုက်ဆိုင်းဘုတ် ဖဲကြိုးကို စာရေးဆရာ မိုးဟိန်း (သားဂျာနယ်ကျော်)၊ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်မြ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စာကြည့်တိုက်ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးစောတင်ဝင်းတို့က ဖွင့်လှစ်ပေးသည်။ **(က–ပ)**

ချစ်လူမိုက်

"ချစ်လူမိုက်" ဇာတ်ကားမှ လွင်မိုးနှင့် နန္ဒာလှိုင်။

ချစ်လူမိုက် ဇာတ်ကားသစ်ရုံတင်ပြသ

ရန်ကုန် မေ ၇

ယခု သောကြာပတ်တွင် လူစွမ်းကောင်းရုပ်ရှင်မှ ခင်ခင်လေး၏ ဝတ္ထုကို ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးသော **ချစ်လူမိုက်** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တင်ဆက်ပြသသည်။ **ချစ်လူမိုက်** ဇာတ်ကားတွင် လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်၊ ပုလဲဝင်းနှင့် သရုပ်ဆောင်များ ပါဝင်ကြသည်။ ကိုကိုကျော်နှင့် ညီညီဇော် ညီအစ်ကိုနှစ်ဦး သစ္စာမြင့်မိုရ်ဆိုသော မိန်းမချောလေးတို့ တွေ့ဆုံကြသည်။ ညီညီဇော်နှင့် သစ္စာမြင့်မိုရ်မှာ ချစ်သူများဖြစ်ကြပြီး ကိုကိုကျော်နှင့် သစ္စာမြင့်မိုရ်တို့ တွေ့ဆုံကြသောအခါ စိတ်ဝင်စားဖွယ် သုံးပွင့်ဆိုင်မေတ္တာ ဇာတ်လမ်းဖြစ်ပေါ်လာရပုံ ရိုက်ကူးပြသထားသည်။

ကာရန်အလွဲ

ဆက်လက်၍ ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာနှင့် နန္ဒာလှိုင်တို့ သရုပ်ဆောင်ထားသော **ကာရန်အလွဲ** ဇာတ်ကားမှာ ရွှေဆောင်၊ နေပြည်တော်နှင့် နဝဒေးရုံများတွင် ဆက်လက်ပြသဆဲရှိနေသည်။

အတ္တပင်လယ်

ထို့ပြင် ဧမ္ဗူတလူ ဗီဒီယိုမှ ဒါရိုက်တာ ဝင်းထွန်းထွန်းရိုက်ကူး၍ ကျော်သူ၊ ရာဇာနေဝင်း၊ မေသဥ္ဇာဦး၊ ခိုင်နှင်းဝေတို့၏ **အတ္တပင်လယ်** မေတ္တာဖွဲ့ အဆင့်မြင့်ဗီဒီယိုဇာတ်ကား ရွှေဂုန်ရုံနှင့် မဟာမြိုင်ရုံများတွင် တင်ဆက်ပြသနေသည်။

အကယ်ဒမီဆုရ

အိန္ဒိယရုပ်ရှင် အကယ်ဒမီဆုရ ဇာတ်ကားသစ်ဖြစ်သည့် MAINE DIL TUJHKO DIYA အမည်ရှိ အချစ်အက်ရှင်ဇာတ်ကား မြို့မရုံ၌ တင်ဆက်ပြသသည်။ ဆန်ဂျေးဒတ်၊ ဆိုဟီခန်းနှင့် ဆမီးလာတို့၏ လှုပ်ရှားမှုများကို စိတ်ဝင်စားဖွယ် ဇာတ်လမ်းဆင်ထားသည်။

ဆုထူးပန်

ဆုထူးပန်ရုံတွင် KYA KEHNA အမည်ရှိ အိန္ဒိယအချစ်နှင့် အိမ်ထောင်ရေးဇာတ်ကား ရုံတင်ပြသနေသည်။ ဆတ်ဖ်အလီခန်နှင့် ပရက်တီဇင်တာတို့၏ လှပသော သရုပ်ဆောင်ပုံများဖြင့် တင်ဆက်ထားသည်။

ဘုရင်

ဘုရင်ရုံကြီးတွင် DIL KYA KARE အမည်ရှိ အိန္ဒိယအချစ်ဇာတ်လမ်းရုံတင်ပြသနေသည်။ ရုပ်ရှင်မင်းသမီးချော ကာဂျိုး၏ လက်မထပ်မီ ထူးခြားစွာ သရုပ်ဆောင်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ဧရာဝတီရုံတွင် OFFICER အမည်ရှိ အိန္ဒိယဇာတ်ကြမ်းကား ရုံတင်ပြသလျက်ရှိသည်။

အိန္ဒိယဇာတ်ကား

မြေနီကုန်း ရတနာပုံရုံတွင် TALAASH အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသသည်။ မူးယစ်ရာဇာ ဂိုဏ်းဖြိုခွင်းပုံကို အရှစ်ကူမာနှင့် ကရီနာကပူးတို့ သည်းထိတ်ရင်ဖိုသရုပ်ဆောင်ထားကြသည်။

(ကြေးမုံ)

"အတ္တပင်လယ်" အဆင့်မြင့် ဗီဒီယို ဇာတ်ကားမှ ရာဇာနေဝင်း။

ဘာအရေးကြီးဆုံးလဲ ဇာတ်ကားသစ်ရုံတင်မည်

ရန်ကုန် မေ ၇

သုခမိန်ရုပ်ရှင်မှ ဇာဂနာရိုက်ကူး၍ ကျော်သူ၊ လူမင်း၊ ဇာဂနာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားသော **ဘာအရေးကြီးဆုံးလဲ** ဇာတ်ကားသစ် မကြာမီ ရုံတင်ပြသမည်ဖြစ်သည်။

(ကြေးမုံ)

MAINE DIL TUJHKO DIYA **အိန္ဒိယဇာတ်ကားမှ သရုပ်ဆောင်ကွက်။**

MASTER POWER ELECTRONICS

MASTER POWER ELECTRONICS မှထုတ်လုပ်သောစွမ်းအင်ချွေတာသည့် (အမှတ်(၁)စက်မှုဇုန်ကြီး၊ လျှပ်စစ်ဓာတ်အားပေးရေးဌာနနှင့်မြို့နယ်/ ၂၀၀ရပ်ကွက်ပြည်သူ UPS) MASTER POWER UPSများကို တောင်ကြီးမြို့ ရောင်းချလျက်ရှိပါသည်။

Master Power UPS များသည်အရှိန်သော့နိုင်ငံခြားဖြစ် UPSများထက်သာလွန်ကောင်းမွန်ခြင်း Computer, Laser Jet Printer (သို့) Plotter နှင့်ဆင်တူသည့် Electronicsပစ္စည်းများအတွက်မိတ္တူ ကူးစက်များပါအသုံးပြုနိုင်ပါသည်။

အိမ်သုံးInverter အဖြစ် TV အကြိုးကြမ်းများ မီးလျှပ်ကာ၊ ထုတ်လောင်းသုံးပစ္စည်းများ၊ VCD,DVD,VCR,ပန်ကာ၊ရေခဲသေတ္တာများအပြင် Air Conditionar များပါအသုံးပြုနိုင်ပါသည်။

ယခင်မြန်မာပြည်တွင်ပထမဦးဆုံးစတင်ထုတ်လုပ်ခဲ့သောStep SineUPS နှင့်ယှဉ်ရအကြမ်းခံPure StepSine UPSများသည်တွန်းတော်ဦး၍ကောင်းမွန်သော UPSများထက်သာလွန်ကောင်းမွန်သောUPSများကိုတွန်းတော်တစ်ဦးတည်းနှင့်Master Power အမည်ဖြင့်ထုတ်လုပ်လျက်ရှိပါသည်။ MASTER POWER UPS များ၏ပုံစံသော်လည်းကောင်း လုပ်ဆောင်ချက်များ သော်လည်းကောင်း တုပပြုလုပ်မှုများရှိနေပါသဖြင့် သတိပြု၍ သုံးစွဲကြပါရန် အသိပေးအပ်ပါသည်။

WARRANTY

ဝယ်ယူသည့်နေ့မှစ၍ (၁)နှစ်တိတိ ပစ္စည်းအခမဲ့လဲလှယ်ပေးခြင်း ပြုပြင်ပေးရန် အာမခံပေးပါသည်။ တစ်နှစ်ကျော်လွန်ခဲ့လျှင် ပုံမှန်အတိုင်းပြုပြင်ပေးပါမည်။ ပြုပြင်ပေးသည့်နေ့မှစ၍ တစ်လတိတိ အခမဲ့ပြုပြင်ပေးရန် အာမခံပေးပါသည်။

PRODUCTION & SERVICE CENTRE

အမှတ်(၈၉) ငန်းလမ်း ၊ (၆၄)ရပ်ကွက်၊ တောင်ဥက္ကလာပ(၂)တောင်ကုန်း

Ph:590798

အရောင်းဆိုင်များ

TUN ELECTRONIC TRADING

အမှတ်(၁၉၂၁)အနော်ရထာလမ်း ၂၉လမ်း(အောက်) လသာမြို့နယ်၊ ရန်ကုန်မြို့ ၊ Ph : 253840

U SHWE LINN + DAW KYIN KYIN ELECTRONIC

အမှတ်၁၃(၁၀၄-၂၀၃-၂၀၄)ကုန်သည်လမ်း ၊ လသာမြို့နယ် ရန်ကုန်မြို့၊ Ph : 281072,245308

THIDA ELECTRONICS

အမှတ်(၄၃-၈၁) အနော်ရထာလမ်း ၂၂လမ်းနှင့်ဗိုလ်ချုပ်လမ်းကြား လသာမြို့နယ်၊ ရန်ကုန်မြို့၊ Ph : 703378

SEIN YIN ELECTRONICS

အမှတ်(၄၇) ကုန်သည်လမ်း ၂၂လမ်းနှင့်ဗိုလ်ချုပ်လမ်းကြား လသာမြို့နယ်၊ ရန်ကုန်မြို့၊ Ph : 245096

GREAT ELECTRONICS

အမှတ်(၁၅၈) ဗိုလ်ချုပ်အောင်ဆန်းလမ်း(အလယ်) ရန်ကုန်မြို့၊ Ph :375073

FLASH ELECTRONIC

အမှတ်(၁၆၈) ဗိုလ်ချုပ်အောင်ဆန်းလမ်း(အလယ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၊ Ph : 286679

ATLAS

အမှတ်(၁) ဧော်သွားလမ်း (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ Ph : 667465

NATION MYANMAR Co.,Ltd

အမှတ်(၅၂)အနော်ရထာလမ်း ၊ (၅)လမ်း (တောင်)

အမှတ်(၉၅) (၅)လမ်း ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ Ph : 229160

"လမြိုတ်လျှပ်စစ်နှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး"

အမှတ် (၁၇၉) ဗိုလ်ချုပ်နေဝင်းလမ်း မြို့မရပ်ကွက်၊ သန်လျင်မြို့၊ Ph: 056 - 21311

မန္တလေးဆိုင်ခွဲ - MASTER POWER ELECTRONICS

အမှတ်(၁၁၄) (၃၁)လမ်း (အထွေး) ၊ (၇၉)လမ်းနှင့်လမ်း(၈၀)ကြား ၊ မန္တလေးမြို့ ၊ Ph : 02-66283,32612

DIGITECH

COMPUTER SERVICES & ACCESSORIES CENTRE

Laser Printer Refill

Canon 460, 660, 800, 810, 1120 Refill + Service	5000 Kyats
HP-5L, 6L, 1100 Refill + Service	5000 Kyats
Drum လဲလျှင် - 7500 Kyats / Blade လဲလျှင်	2500 Kyats
HP 1200, 1300 Refill + Service	6000 Kyats
Drum လဲလျှင် - 9500 Kyats / Blade လဲလျှင်	2500 Kyats

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၂၈၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၀၄ခုနှစ် တရားမအထွေထွေမှုအမှတ် – ၂၆

၁။ စောနော်မန်ဒွေး

(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူနော်ခရစ်စတာဘဲလ်)

၂။ နော်ခရစ်စတာဘဲလ်

လေယာဉ်မယ် (မြန်မာ့လေကြောင်း)

အမှတ်–၆/၅၁၅၊ အောက်ကြည့်မြင်တိုင်လမ်း၊

ကြည့်မြင်တိုင်မြို့နယ် . . . **လျှောက်ထားသူများ**

ကွယ်လွန်သူဒေါ်အုံးခင်၏ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်–၆/၅၁၅၊ အောက်ကြည့်မြင်တိုင်လမ်းတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အုံးခင်၏ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် အထက်အမည်ပါလျှောက်ထားသူများမှ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၄ခုနှစ် မေလ(၂၄)ရက် နံနက်(၁၀)နာရီအချိန်တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အုံးခင်၏ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၀၄ခုနှစ် မေလ(၂၄)ရက် နံနက်၁၀နာရီအချိန်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှုခင်းမှတ်တမ်းများ ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူများ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၄ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ပေါ်ခိုင်သန်း

ဒုတိယခရိုင်တရားသူကြီး–၅

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးလှကြိုင် (အလုပ်ရုံမှူး၊ ငြိမ်း၊ မြန်မာ့အကြီးစားစက်မှုလုပ်ငန်း)-ဒေါ်ထားထားရီ (ဌာနစုမှူး၊ ငြိမ်း၊ မြန်မာ့အကြီးစားစက်မှုလုပ်ငန်း)တို့၏သားငယ်

မောင်ဇော်လတ်

Electrical Engineer, Johan Shipping SDN°.°BHD

နှင့်

ရန်ကုန်မြို့နေ ဦးထွန်းဦး (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ မွန်ပြည်နယ်)- ဒေါ်ခင်သီသီ (အလပြ၊ ငြိမ်း)တို့၏သမီးဦး

ဒေါက်တာနွယ်နီဦး

သွားဘက်ဆိုင်ရာဆရာဝန်၊ သနပ်ပင်ပြည်သူ့ဆေးရုံ

တို့၏ ၂-၅-၂၀၀၄ရက်နေ့ Dusit Inya Lake Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များချီးမြှင့်ပေးပါသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်နှင့်ဇနီး ဒေါ်ခင်ခင်လေး၊ ကြွရောက်ချီးမြှင့်ကြသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ဇနီး ဒေါ်ခင်ဌေးမြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့်ဇနီး ဒေါ်အေးအေး၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆွေဆွေချစ်၊ စစ်ဘက် နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ရတနာဦးနှင့် စန္ဒရားသိန်းမြင့်သန်းတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မဆုသန့်စင်ဟန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများကိုင်ဆောင်ပေးသော ဒေါက်တာဝါဝါမြင့်၊ သတို့သားအရန် မောင်ဇွဲပိုင်ဦးနှင့် မောင်ပြည့်ဖြိုးဟန်၊ သတို့သမီးအရန် မစုမွန်လွင်နှင့် မဇင်ဇင်စိုး၊ မေတ္တာဖြင့် ရတနာများဆင်မြန်းပေးသော မနန္ဒာ(သီတဂူသစ်ခွဲခြံ)၊ မိတ်ကပ်ဆံပင်အောင်အောင်၊ ပန်းအလှပြင် နီနီပွင့်၊ ဓာတ်ပုံဗီဒီယိုမောင်မောင်ညွှပ်နှင့်အဖွဲ့၊ Dusit Inya Lake Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်လတ်-ဒေါက်တာနွယ်နီဦး။

ရန်ကုန်တက္ကသိုလ်
ဘွဲ့လွန်အသုံးချဘူမိဗေဒဒီပလိုမာ
Diploma in Applied Geology
သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာနတွင် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် "ဘွဲ့လွန်အသုံးချဘူမိဗေဒဒီပလိုမာ" (Diploma in Applied Geology) (၁)နှစ်သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။
- (က) Economic & Mining Geology
- (ခ) Exploration Geochemistry
- (ဂ) Exploration Geophysics
- (ဃ) Gemmology
- (င) Hydrogeology
- (စ) Engineering Geology
- (ဆ) Petroleum Geology

၂။ အထက်ပါ အထူးပြုဘာသာရပ် သင်တန်းတစ်ခုခုတွင် တက်ရောက်ရန်အတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်။
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနိမ့်ဆုံးပညာအရည်အချင်းမှာ ဘူမိဗေဒဘာသာရပ်ဖြင့် ဘွဲ့ရပြီး၊ မဟာသိပ္ပံအရည်အချင်းစစ်သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
- (ဂ) ဘူမိဗေဒဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရ ဘူမိဗေဒဆိုင်ရာ လုပ်ငန်းခွင်မှ ဝန်ထမ်းများသည်လည်း သက်ဆိုင်ရာလုပ်ငန်း အမြဲတမ်းလုပ်သက် (၂)နှစ်ရှိပြီးပါက လျှောက်ထားနိုင်သည်။

၃။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၈-၅-၂၀၀၄နေ့ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၄။ အသေးစိတ်အချက်အလက်များကို ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန၊ လှိုင်တက္ကသိုလ်နယ်မြေတွင် စုံစမ်းနိုင်ပါသည်။

ခင်အေးကျော်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၀

ဒေါ်ဥမ္မာလှိုင် **နှင့်** **၁။ ဒေါ်သန်းသန်းထွေး**
၂။ ဦးကျော်မြင့်
၃။ ပီအေမိုဟာမက်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၉)လမ်း၊ အမှတ်(၆၀) (ယခုလိပ်စာမသိ)နေ ဦးကျော်မြင့်နှင့် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၅၆)ရပ်ကွက်၊ မဏိစည်သူလမ်း၊ အမှတ်(၂၂၅၉)နေ ပီအေမိုဟာမက် (ယခုလိပ်စာမသိ)တို့ သိစေရမည်။

ဒေါ်ဥမ္မာလှိုင်က ငွေကြေးဆိုင်ရာ တရားစီရင်ခွင့်အာဏာမရှိဘဲ အမှုသည်များ ပူးပေါင်း၍ရယူခဲ့သော ဒီကရီကို ပယ်ဖျက်ပေးစေလိုမှု ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ **၂၀၀၄ခုနှစ်၊ မေလ ၁၀ရက် (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ရက်)နေ့** နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၀၄ခုနှစ်၊ ဧပြီလ ၂၂ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်တင်မြ (တ/၁၅၇၅)
ဒုတိယခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

YWCA မုန့်ဖုတ်အထူးသင်တန်း

Bread, Patties, Plain Cake, Marble Cake, Fruit Cake, Cream Roll, Cookies, Hamburger.

စသည့်မုန့်များကို ကျွမ်းကျင်သော ဆရာမများကိုယ်တိုင် အတတ်သင်ပေးမည်။ သင်တန်းသူ၊ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။

နေ့ရက် - ၂၀၀၄ခုနှစ် မေလ ၂၄ရက်မှ ၂၈ရက်အထိ။
အချိန် - နံနက် (၈း၀၀)နာရီမှ မွန်းတည့် (၁၂း၀၀)နာရီအထိ။
နေရာ - YWCA ၊ (၁၁၉)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း - ၂၄၅၈၆၉။





TOP CHOICE

ဗလာစာအုပ်အမျိုးမျိုး

M C C

ကွန်ပျူတာအခြေခံသင်တန်း

Software Engineering, Network Engineering, Web Developer Courses

MCSA Exam

Office XP Course

Ph: 292288

ရောင်းမည်

40' x 60'

35' x 75'

Tower

80' x 150'

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးအောင်
(ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)

ကျေးဇူးရှင်ဆရာ ၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

နုနုရီ(မအူပင်တက္ကသိုလ်)၊ မြမြစိန်(ဗန်းမော်ဒီဂရီကောလိပ်)။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ

ဦးသန်းဆွေဝင်း (လက်ထောက်အထွေထွေမန်နေဂျာ၊ သာကေတ ဆိပ်ခံတံတား)၏မိခင် ဒေါ်ခင်ပေါသည် ၆-၅-၂၀၀၄ရက်နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းဝန်ထမ်းမိသားစု။**

လွမ်းဆွတ်သတိရခြင်း
မသန်းသန်းဦး (သန်းကြည့်)ပဲခူး

ချစ်သူငယ်ချင်း ခွဲခွာသွားသည်မှာ ၂၄-၄-၂၀၀၄ရက်တွင် တစ်လပြည့်ပြီ ဖြစ်သော်လည်း တစ်နေ့မှမမေ့ရကြပါ၊ သူငယ်ချင်းအတွက် ပြုလုပ်သောကောင်းမှုကုသိုလ်များ ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

၁၉၇၉ခုနှစ် မော်လမြိုင်ကောလိပ်မှ ချစ်သူငယ်ချင်းတစ်စု(ပဲခူး)။

Imperial Fruit Group

10-5-2004 & 16-5-2004

(20-5-2004 & 26-5-2004)

အမည်ပြောင်းခြင်း

ဦးမျိုးခင်၏သား အထက(၄) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပဥ္စမတန်း(D)မှ မောင်မျိုးသီဟကျော် [၁၂/စခန(နိုင်)၀၆၉၂၈၅]အားယနေ့မှစ၍မောင်မြတ်သိဃ်ကျော်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

မောင်မြတ်သိဃ်ကျော်။

Master Video 8

Magic Eye

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ (မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ (မြင်းခြံ) အသက်(၇၉)နှစ်သည် ၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇေယျာဝင်း C.D.C-၂၄၂၄၂ ကိုင်ဆောင်သူသည် 4Ticket ကတ်ပြားပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၂၉၈၄၅၁။**

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်ဝင်းစိန်
(ခ) ဒေါ်ဖူရ်ဂျန်ဘီ
အသက်(၆၉)နှစ်
(ခါလာကြီး၊ ကားပစ္စည်းဆိုင်)
ဘုရင့်နောင်ဈေး၊ ရန်ကုန်မြို့

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ အမှတ်(၉၁)၊ (၁၀၁)လမ်းနေ ဟာဂျီဦးတင်သိန်း၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်သန်းဝင်း-ဦးလှမြင့်၊ ဦးတင်ဝင်း(Brown & Stone Computer Embroidery)- ဒေါ်ချမ်းမြဇာချည်ဝင်း၊ ဒေါ်မိမိချို(ဗိုလ်ချုပ်ဈေး)-ဦးဇော်မင်းဦး၊ ဒေါ်ခင်မာဝင်း-ဦးမျိုးထွဋ်၊ ဒေါ်ခင်မာကြည်-ဦးဇော်မင်းတို့၏ချစ်လှစွာသောမိခင်၊ မြေး၁၀ယောက် တို့၏ အဘွားသည် ၆-၅-၂၀၀၄ရက် နံနက် ၁၂း၄၅နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၆-၅-၂၀၀၄ (ကြာသပတေးနေ့)ညနေ အဆွာရ်နမာဇ်အပြီး ရေဝေးမွတ်စလင် ကဘာရ်စတန်၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကြော်ငြာရန်

Note Books Computer (Used)

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးကျော်
အသက်(၆၉)နှစ်
တပ်ကြပ်(ငြိမ်း)၊ ကုန်သွယ်ရေး(၁၀)
ဆေးနှင့်ဆေးပစ္စည်း(ငြိမ်း)၊
ညောင်တုန်း၊ ပန်းတနော်

ညောင်တုန်းမြို့နေ (ဦးဘသန်း-ဒေါ်မြသွေး)တို့၏သား၊ (ဦးဘခင်-ဒေါ်ခင်ညွန့်)တို့၏သားမက်၊ ဒေါ်ခင်လှ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးမြင့်)-ဒေါ်ခင်ရီတို့၏မောင်၊ (ဦးသိန်းဟန်)-ဒေါ်စုတို့၏အစ်ကို၊ (ဦးအေးသွင်)-ဒေါ်ကြည်ငွေ၊ ဦးလင်းအောင်-ဒေါ်လှလှဝင်း၊ ဦးဝင်းတင့်-ဒေါ်ယဉ်ယဉ်အေး၊ ဦးခင်ညို-ဒေါ်ဝင်းဝင်းခိုင်၊ ဦးမြကြိုင်-ဒေါ်သဇင်ညွန့်၊ ဒေါ်ယဉ်ယဉ်နွယ်၊ ဦးငြိမ်းအေး-ဒေါ်ကြူကြူဝင်း၊ ဦးသစ်ဆန်း-ဒေါ်သဉ္ဇာကျော်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၉ ယောက်တို့၏ အဘိုးသည် ၆-၅-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၃နာရီတွင် အမှတ်(၇၉/၁)၊ တတိုင်းမွေးလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၀၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်)။

ကျန်ရစ်သူမိသားစု။

ခရုသင်း၊ သမင်ဖြူ

Yan Aung

256790, 380291

242967

အမည်ပြောင်း

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်မြို့နယ်၊ တတိယတန်း(ဂ)တွင် ပညာသင်ကြားနေသော (ဘ)ဦးဝင်းမောင်၏ သား မောင်သူရိန်ဖြိုးအား ယနေ့မှစ၍ မောင်ရဲရင့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲရင့်အောင်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ (မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ (မြင်းခြံ) အသက်(၇၉)နှစ်သည် ၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)။

ဒေါ်ကြည်အောင်(ခ)
ဒေါ်ကြည်အောင်ကျော်
အသက်(၅၉)နှစ်
အထက်တန်းသူနာပြု(ငြိမ်း)

တိုက်ကြီးမြို့၊ ကျိုက်စကိုင်းရွာ (ဦးသန်းကျော်)-ဒေါ်ဆစ်တို တို့၏သမီး၊ မြောက်ဥက္ကလာပမြို့ သန္တာ ၁၇လမ်း (ဦးအေးချို)-ဒေါ်တင်ထွေးတို့၏ သမီးချွေးမ၊တိုက်ကြီးမြို့နယ် စကိုင်းရွာ မူလွန်(အမက)ကျောင်းအုပ်ဆရာ ဦးမောင်ညွန့်၏ဇနီး၊ ကိုအောင်ဆန်းလင်း၊ ကိုမြတ်သူရ-မအေးအေးခိုင်၊ ကိုအောင်ဆန်းမင်း-မသန်းသန်းလွင်တို့၏မိခင်၊ မဟေမာန်အောင်ဆန်း၊ မောင်ကျော်ဆုသွေး၊ မနွယ်ဦးလှိုင်တို့၏အဘွားသည် ၆-၅-၂၀၀၄ ရက်တွင်ကွယ်လွန်သွားပါ၍၈-၅-၂၀၀၄ (စနေနေ့)မွန်းလွဲ၂နာရီတွင် တိုက်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရုသင်း၊ သမင်ဖြူ

ဝမ်းနည်းကြေကွဲခြင်း

လားရှိုးမြို့၊ (၁)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၁၉)နေ ပန်လုံစော်ဘွားကြီး (ဝဏ္ဏကျော်ထင် ဦးစဝ်ခွန်ဆမ်)-(ဒေါ်နန်းဆွေ)တို့၏ သမီးထွေး၊ ဗိုလ်ချုပ်ကိုကို-ဒေါ်စဝ်နွန်းခွန်ဆမ်(တပခ)တို့၏ညီမထွေး **ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း(လားရှိုး)** အသက်(၄၁)နှစ်သည် ၅-၅-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒိုက်ဦးအစာစပ်စက်ရုံနှင့်မွေးမြူရေးခြံများ
မွေးမြူရေး၊အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း။

ငါးကန်ရောင်းမည်

လှိုင်မြစ်ကူး မြို့ချောင်းတံတားအနီး၊ ကားလမ်း၊ ရေလမ်းနီး၊ အင်းမြေ၊ မြေစေးအနက်ရောင်၊ နွေရာသီရေသွင်းရေထုတ်ရသည်။

လန/၃၉ကျပြီး၊ ဧက ၃၀။

ဖုန်း-၆၂၀၀၉၀။

Adorn Curtains & Blinds (Tel:723181)

* ခန်းဆီးပိတ်နှင့် တန်းများ၊ ယင်းလိပ်များ အထူးလျှော့ဈေး
* ခေါင်းအုံး၊ ကျောမှီ စသည်များ ကုန်ကျန်ရှင်းငွေပေါ်ဈေး

၄၄၉ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဗဟန်း
(၉း၃၀-၅း၀၀) except Sunday.

တပ်ကြပ်ကြည်စိုး(ငြိမ်း)
တပ်မတော်(ရေ)
အသက်(၄၄)နှစ်

ရန်ကုန်တိုင်း အမှတ်(၁၄၅) ရဲရန်နိုင်လမ်း၊(၃၆)ရပ်ကွက်ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ (ဦးထွန်းကြည်)-ဒေါ်သန်းကြည်တို့၏သား၊ဦးအောင်မြိုင်-ဒေါ်အေးအေးဝင်း၊ ကိုကျော်ကျော်နိုင် (သင်္ဘောသား)၊ ဗိုလ်ကြီးဘုန်းနိုင်(ဦးစီးအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်ခင်အေးမြင့် (ကထိက၊ ဇီဝနည်းပညာမဟာဌာန)၊ မတင်တင်ထွေး(သူနာပြု၊ဖူးကြီးတိုက်နယ်ဆေးရုံ)တို့၏အစ်ကိုကြီး၊ တူ၊တူမ နှစ်ယောက် တို့၏ဦးလေးသည် ၃-၅-၂၀၀၄(တနင်္လာနေ့)တွင် ကျောက်တံခါးမြို့၌ ကွယ်လွန်ပါ၍ ၅-၅-၂၀၀၄နေ့ မွန်းတည့်၁၂နာရီတွင် ကျောက်တံခါးမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁။	ဒေါ်စောကြည်+၇	၁၂/ကမတ(နိုင်)၀၁၈၂၁၅	၈၁ အထက်ကြည့်မြင်တိုင်လမ်း	ကြည့်မြင်တိုင်	၂၆C၂	၁၂၁	ဒေါ်သိန်းသိန်းတင်+၅	မြေပုံကူး
၂။	ဦးမင်းဇော်	၁၂/ဥကမ(နိုင်)၀၀၃၁၉၀	၁၅၇ သုမင်္ဂလာလမ်း ၈-ရပ်ကွက် မ/ဥ	မြောက်ဥက္ကလာပ	၈	၁၅၇	ဒေါ်ခင်ရီ	အမည်ပြောင်း
၃။	ဦးထွန်းသိန်း	၁၂/လမတ(နိုင်)၀၂၇၀၁၃	၆၄(က)မိုးကွန်းကွက်သစ်လမ်း	ကြည့်မြင်တိုင်	၂၆F၀၀	၁၃/ခ	မောင်လှမောင်	ဂရန်တိုး
၄။	ဦးထွန်းတောက်+၃	၁၂/အလန(နိုင်)၀၃၀၄၁၀	၁၁ ယင်းတိုက်လမ်း	ကြည့်မြင်တိုင်	၂၅E၆	V၄၅	မောင်ကြွယ်	အမည်ပြောင်း
၅။	ဒေါ်ခင်ရီ	၁၂/ဗဟန(နိုင်)၀၅၂၈၇၇	၃၅ ရတနာလမ်း ကျိုက္ကဆံရပ်ကွက် ဗဟန်း	ဗဟန်း	၃၅ H	၄၁၄	ဦးချစ်တင်	အမည်ပြောင်း
၆။	ဒေါ်ရီရီသိန်း	၁၂/စခန(နိုင်)၀၂၇၅၆	၁၅၆၃/၄၁ရပ်ကွက် ဒဂုံမြောက်	ဒဂုံမြောက်	၄၁	၁၅၆၃	ဒေါ်သွယ်သွယ်နိုင်	ဂရန်သစ်
၇။	ဒေါ်အေဦး+၆	၁၂/စခန(နိုင်)၀၁၄၉၀၃	၁၀၉ သရက်တော(၄)လမ်း	ကြည့်မြင်တိုင်	၂၆F၆	V ၅၇	မချောကြီး	ဂရန်တိုး
၈။	ဦးကြည်ညွန့်+၁	၁၂/ဥကတ(နိုင်)၀၆၈၃၁၈	၆၁၉ ၃၁ ရပ်ကွက် ဒဂုံမြောက်	ဒဂုံမြောက်	၃၁	၆၁၉	ဦးကျော်မြင့်	ဂရန်သစ်
၉။	ဒေါ်ငွေငွေဝင်း	၁၂/ကမရ(နိုင်)၀၂၀၂၉၅	၂၇(င) ဗိုလ်ချုပ်လမ်း ဗဟန်း	ဗဟန်း	၂-I	၄၃၀၆/၂၈	မလှလှဝင်း	မြေပုံကူး
၁၀။	ဦးမြင့်ဝေ	၁၂/ဥကမ(နိုင်)၁၅၄၀၂၄	၃၆၀၁ သုခမ္မာလမ်း(ဓ)လမ်း ဆ-ရပ်ကွက်မ/ဥ	မြောက်ဥက္ကလာပ	ဆ	၃၆၀၁	ဒေါ်အုန်းကြည်	အမည်ပြောင်း
၁၁။	ဒေါ်မြင့်မြင့်စိန်+၃	၁၂/အလန(နိုင်)၀၀၂၇၀၉	၂၉၉ ငုဝါလမ်း စော/မြောက်ရပ်ကွက်	အလုံ	၂၃-D	၆	ဒေါ်အုန်းရီ	မြေပုံကူး
၁၂။	ဦးအောင်ကြည်+၁	၁၂/အလန(နိုင်)၀၂၀၉၂၈	၃၈ ငုဝါလမ်း အလုံ	အလုံ	၂၃-J	၄၉	ကိုဘခင်၊ မမြသင်	မြေပုံကူး
၁၃။	ဒေါ်မွှေးဦး+၁	၁၂/ဥကတ(နိုင်)၁၄၃၉၃၀	၅၇၆(က) ဉ-လမ်း ၇-ရပ်ကွက် တ/ဥ	တောင်ဥက္ကလာပ	၇	၅၇၆/က	ဒေါ်စိန်ဥ၊ ဦးကျော်ထက်ခဲ	မြေပုံကူး
၁၄။	ဦးတင်မောင်ဆွေ	၁၂/ဗကန(နိုင်)၀၀၄၃၀၄	၇၆ သိဒ္ဓိလမ်း စမ်းချောင်း	စမ်းချောင်း	၂၇-B	၂	ဒေါ်စန်းစန်းသိန်း	မြေပုံကူး
၁၅။	ဒေါ်မြတ်နွယ်	၁၂/ရကန(နိုင်)၀၄၈၁၂၉	၅၁၈ ရွှေသွေးလမ်း ၃၅-ရပ်ကွက် ဒဂုံမြောက်	ဒဂုံမြောက်	၃၅	၅၁၈	ဦးတင်ဦး	အမည်ပြောင်း
၁၆။	ဦးလောတာ	၁၃/တခလ(နိုင်)၀၂၅၉၅၉	၇၈၇ နတ်ချောင်း(၃)လမ်း ၃၅-ရပ်ကွက် ဒဂုံမြောက်	ဒဂုံမြောက်	၃၅	၇၈၇	ဦးမင်းဆွေ	အမည်ပြောင်း
၁၇။	ဦးရှိုးဇော်ဝင်း	၁၂/တဘန(နိုင်)၀၅၂၁၉၀	၉၅၈/က သီရိမင်္ဂလာလမ်း(၁၃)ရပ်ကွက် တ/ဥ	တောင်ဥက္ကလာပ	၁၃	၉၅၈(က)	ဦးကျော်ညွန့်	အမည်ပြောင်း
၁၈။	[illegible]	၁၂/စခန(နိုင်)၀၆၇၇၃၂	၁၁၆ ဦးရေခဲလမ်း	မရမ်းကုန်း	၁၃-သမိုင်း	[illegible]	[illegible]	အမည်ပြောင်း
၁၉။	ဒေါ်ခင်အုံး+ဒေါ်ခင်ဆွေ	၁၂/စခန(နိုင်)၀၂၁၈၆၅	၂၂ မြို့သစ်လမ်း စမ်းချောင်း	စမ်းချောင်း	၂၀-E၁	၈၀-A/၈	ဒေါ်ခင်အုံး+ဒေါ်ခင်ဆွေ	ဂရန်သစ်
၂၀။	ဒေါ်ညွန့်ညွန့်	၁၂/စခန(နိုင်)၀၂၂၈၆၇	၄၁ ရှက်မြူတောလမ်း စမ်းချောင်း	စမ်းချောင်း	၂၀-E၁	၉၁	မောင်စောလှိုင်	မြေပုံကူး

ဌာနမှူး မြို့နယ်ကွင်းနှင့်မြေခွဲခြမ်းစိတ်ဖြာမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း
အသက်(၄၁)နှစ်
(လားရှိုးမြို့)

လားရှိုးမြို့၊ (၁)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၁၉)နေ အဘ(ဝဏ္ဏကျော်ထင် ဦးစဝ်ခွန်ဆမ်)–အမိ(ဒေါ်နန်းဆွေ)တို့၏ ချစ်လှစွာသောသမီးထွေး၊ ဒေါ်စဝ်အမ်းအောင် (ဒေါ်ဝိုင်းလက်)၊ ဦးခွန်ထွန်းလူ(ခ)ဦးဒစ်ကီ–ဒေါ်မာဂရက်၊ ဒေါ်စဝ်နန်းအုပ်(ခ)မလော်ရင်း၊ ဒေါ်စဝ်နန်းပန်(ခ)မဖိန်း၊ (ဦးစဝ်ခွန်ဖုန်း)၊ဗိုလ်ချုပ်ကိုကို–ဒေါ်စဝ်နွန်းခွန်ဆမ်၊ (ဦးခွန်သန်းထွန်း)၊ဦးခွန်ခယ်တို့၏ချစ်လှစွာသော ညီမထွေး၊ ခွန်ဖုန်းမြတ်စိုး၊ ခွန်စောမင်းခေါင်၊စဝ်သန္တာထွန်း၊ မဝတ်မှုံထွန်း၊ မောင်ရဲမင်းကိုကို၊ ဗိုလ်လောင်းသီဟကိုကို၊ မစောသီရိကိုကို၊ မောင်စည်သူကိုကိုတို့၏ချစ်လှစွာသော ဒေါ်လေးသည်၅–၅–၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၃း၅၅နာရီတွင်တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄(သောကြာနေ့) နံနက်၉း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတင်မြင့်(၇၃)နှစ်
တကကက(အငြိမ်းစား)
ပျဉ်းမနားရေဆင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၁၁)၊ သစ္စာ(၁၀)လမ်း၊ ၃၉(A) ရပ်ကွက်နေ ဒေါ်ခင်ညိုညို၏ခင်ပွန်း၊ ဦးဝေလင်း(ငါးဦးစီး)၊ ဒေါ်ခိုင်ချိုချို ဦး(အထက–၃၊မြောက်ဒဂုံ)၊ ဦးတင်မောင်မြင့်ချို၊ တကကကမောင်မောင်လတ်ချို(မြစ်ကြီးနား)၊ဦးတင်မောင်ထွေးချို(SAE လမ်းတံတား၊ ပခုက္ကူခရိုင်)၊ (ဒေါ်ခင်မျိုးမင်း)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉–၅–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီ တွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [သစ္စာ(၁၀)လမ်း နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးသင်းစံ(၆၈)နှစ်
လက်ထောက်စက်ရုံမှူး(အငြိမ်းစား)
MPF
စက်မှုထူးချွန်တတိယဆင့်

ရန်ကုန်မြို့၊အမှတ်၁၅၈၊၄၈လမ်းနေ (ဦးထန်ဟိုက်–ဒေါ်ပန်း)တို့၏ သား၊ ဦးကျင်ဟုတ်–(ဒေါ်မြရွှေ)၊ဒေါ်ကြင်ချစ်၊ (ဒေါ်ကြင်မြင့်)၊ ဒေါ်ကြင်သိန်း၊ ဒေါ်ကြင်ထွေး တို့၏မောင်၊ ဒေါ်ကစ်တီ၏ခင်ပွန်း၊ Dr.ဦးရဲထွန်း (ခရိုင်ခွဲစိတ်အထူးကု၊ ရမည်းသင်းဆေးရုံကြီး)–ဒေါ်ဖြူဖြူခိုင်၊ ဒေါ်သင်းသင်းဆွေ–Dr. ဦးသောင်းနိုင်၊ ဒေါ်စန္ဒာသင်း(မီဝမ်းရွှေသဇင်ကုမ္ပဏီ) တို့၏ဖခင်၊မောင်ဘုန်းနိုင်ဆွေ၊ မမေမြတ်ထက်၊ မဝင့်ဝါနိုင်၊ မောင်အောင်ဘုန်းခန့် တို့၏အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၈–၅–၂၀၀၄(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၂း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငွေအောင်(ခ)မဘုတ်ဘုတ်
အသက်(၅၀)
(သံဖြူဇရပ်)

သံဖြူဇရပ်မြို့နယ်၊ ကျောင်းပိုင်းရပ်၊ အမှတ်(၂၂)နေ (ဦးပါ–ဒေါ်ကျင်ထွေး) တို့၏သမီးချွေးမ၊ အောင်မင်္ဂလာ(၂) လမ်းနေ (ဦးဖိုးရှိန်–ဒေါ်အေးရင်)တို့၏ သမီး၊ (ဦးကုလား)–ဒေါ်တူးမေ၊ ဒေါ်ခင်လှ၊ ဒေါ်ငွေခင်တို့၏ညီမ၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ ပိတောက်လမ်း၊ အမှတ်(၀၀၃)၊တိုက်(၁၈)နေ ဦးနီ၏ဇနီး၊ မဝင်းဝင်းခိုင်၊ မနီနီခိုင်၊ မောင်အောင်ဇော်ထွေးတို့၏မိခင်သည် ၆–၅–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၈–၅–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
မစိုးစိုးအောင်(၃၂)နှစ်
(မန္တလေး)

မန္တလေးမြို့၊ (၇၉–၈၀)ကြား၊ (၂၈) လမ်း၊ အမှတ်(၁၉၉)နေ (ဦးအောင်မြင့်)–ဒေါ်မြမြတို့၏ ပဥ္စမမြောက်သမီး၊ မန္တလေးမြို့နေ (ဦးသာလှ–ဒေါ်တင်ညွန့်) တို့၏သမီးချွေးမ၊ မန္တလေးမြို့နေ ကိုထွန်းထွန်း–မသင်းသင်းမြတ်၊ ကိုမင်းနိုင်–မဖြူဖြူအောင်၊ ကိုကျော်ဝင်းအောင်–မမာမာအေး၊ ကိုထွန်းဝင်း–မကြူကြူအောင်တို့၏ညီမ၊ ကိုကျော်ကိုကိုအောင်၏ အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာလမ်း၊ နဘေးပေါက်လမ်းသွယ်၊ အမှတ်(၉)၊ ကျောက်မြောင်းနေကိုသိန်းလွင်(B.Sc၊ အဆင့်မြင့်မင်္ဂလာဈေး၊ ပ/၇၂၇)၏ဇနီး၊ မအိမ့်မြတ်သိန်းလွင်၊ မရတနာသိန်းလွင်၊ ဘေဘီစိုးစိုးအောင်တို့၏ မွေးသမိခင် မစိုးစိုးအောင်သည် ၇–၅–၂၀၀၄ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမြင့်(၇၈)နှစ်
(ဖျာပုံ)

ဖျာပုံမြို့၊ မြောက်ပိုင်းရပ်နေ (ဦးဘဆန်–ဒေါ်ငွေစိန်)တို့၏သမီး၊ ရန်ကုန်မြို့ တိုက် ၁၅၀၊ အခန်း၁၊ သန္တာလမ်းသွယ်၊ ရေနံ့သာလမ်း၊ သုဝဏ္ဏမြို့၊ ၂၄ရပ်ကွက်နေ(ဗိုလ်ကြီးမင်းနောင်)၏ဇနီး၊ ဒေါ်ခင်သန်းနွယ်၊ (ဒေါ်ချိုချိုမင်းနောင်)၊(ဒေါ်ခင်ဝင်းနု)၊ဦးသက်မင်းတို့၏မိခင်၊မြေး ၂၀ ယောက်တို့၏အဘွား၊ ဒေါ်သန်းမြင့်သည် ရွှေဂုံတိုင်ဆေးခန်း၌ ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိန်ဖေ (၇၈)နှစ်
(ပဲခူး–ရေတံခါးတာဝ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၁၀)ဒုထပ်နေ (ဦးဘရင်–ဒေါ်ငွေတင်)တို့၏ သား၊ (ဒေါ်သန်းကြည်)၏ ခင်ပွန်း၊ ဦးသန်းအိ(စာရင်းစစ်၊ အရာရှိ၊ငြိမ်း)–ဒေါ်ခင်စန်းမြင့် (လ/ထ တိုင်းစာရင်းစစ်အရာရှိ၊ ပဲခူးတိုင်း)၊ ဦးစန်းလွင် (ဦးစီးအရာရှိ သ/မ ဦးစီး၊ ငြိမ်း)–ဒေါ်အေးအေးဝင်း (ဆိပ်ကမ်းမြို့နယ်စာရင်းရုံး)၊ ဦးအောင်မြင့်၊ (ဦးအောင်တင့်)–ဒေါ်လှနွဲ့၊ ဦးမျိုးမြင့်(ပန်းချီ)–ဒေါ်ထားထားလွင်၊ ဗိုလ်မှူးမျိုးဝင်း၊ (မြဝတီ ရပ်/သံ)၊ ဦးမောင်မောင်ဝင်း–ဒေါ်ခင်စောဝင်း(မင်္ဂလာဈေး)၊ ဦးရဲလွင်တို့၏ ဖခင်၊ မြေး၁၅ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် အထက်ပါနေအိမ်၌ ၇–၅–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းအမကြီး
ဒေါ်အင်ရွှေ(ဆရာမ၊ငြိမ်း)
အသက်(၆၈)နှစ်
(ထားဝယ်မြို့)

ထားဝယ်မြို့နေ ဦးဘနောင်–ဒေါ်ငြိမ်းသင်တို့၏သမီး၊ အမှတ်(၇၁၇)၊ ပုံကျွန်းလမ်း၊ ပုံကျွန်းရပ်နေ ဦးကျော်မောင် (ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးလှဝင်း)–ဒေါ်လှရွှေ၊(ဦးသန်းအောင်)–ဒေါ်တင်ရှိန်တို့၏ ညီမ၊ ဦးစိန်တင့်(စစ်မှုထမ်းဟောင်း၊ မိတ္ထီလာ)–ဒေါ်သန်းသန်းနွဲ့၊ ဦးလှအေး–ဒေါ်ခင်သိန်း၊ ဦးတင်လှိုင်–(ဒေါ်နှင်းကြည်)၊ ဦးစန်းလွင်–ဒေါ်စန်းကြည်၊ ဦးဌေးလွင်–ဒေါ်တာတာထွေး၊ ဦးအောင်စိုး–ဒေါ်ခင်မြင့်တို့၏ ချစ်လှစွာသော အစ်မကြီး၊မောင်မျိုးလွင်ကျော်(သားသား)၏ချစ်လှစွာသောမိခင်ကြီးသည် ၇–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ဝဲကျွန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကြည်စိန်(ထားဝယ်)
(PLEX CHEM Co.,)
အသက်(၆၆)နှစ်

ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်နေ (ဦးရန်းနား–ဒေါ်အင်သီ)တို့၏ သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းသွယ်၊ (၅/B)၊ အမှတ်(၅၈၀/E-2)နေ (ဒေါ်တင်နွယ်ခ၊ အငြိမ်းစား ပါမောက္ခ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြတ်ဆု (Director Timber Land Co.,)၊ ဒေါ်ခိုင်မာဝင်း(နည်းပြ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ မောင်ရည်မွန်၊ မောင်ထွေးညီညီ B.E (Electronic) M.Sc. (Mobile & Personalcommuni Cation) KINGS College UK)၊မနေခြည်သန်းအေးတို့၏ ချစ်လှစွာသောဖခင်၊မောင်ရွှေသွေး (I.L.B.C) ၊ မောင်ဟန်သစ်ညီညီ (Y.I.E.C) တို့၏ ချစ်လှစွာသောအဘိုးသည် ၇–၅–၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ရင် (B.Com,R.A)
အသက်(၇၈)နှစ်
စာရင်းစစ်များအဖွဲ့ (Sein & Co., Company)

(ဦးလှိုင်–ဒေါ်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးကိုကိုကြီး(မိုးညို)၏ဇနီး၊ ဦးအောင်ခင်(ဒုတိယ ညွှန်ကြားရေးမှူး–ဥပဒေ၊အငြိမ်းစား)–(ဒေါ်ခင်အုန်းမြင့်)၊ ဦးခင်မောင်ဝင်း–ဒေါ်ခင်စန်းရီတို့၏အစ်မ၊ (ဦးခင်မောင်ဦး)၊ ဦးသြဘာ (Manager UE Trade Corporation Pte Ltd.) – ဒေါ်မာလာလွင်(ဌာနခွဲမှူး– M.T.E.I)၊ ဦးမျိုးထွန်း(မြန်မာ့သတင်းစဉ်၊ပြည်တွင်း)–ဒေါ်ခင်စန်းဝင်း(ကြေးမုံသတင်းစာတိုက်)၊ ဒေါက်တာကြည်ဝင်း–ဒေါ်ချိုချိုဝင်း၊ ဒေါက်တာရဲဝင်း–ဒေါ်တင်မိုးချစ်၊(မိုးသူဇာ) တို့၏မိခင်၊ ဒေါ်သိန်းရီ၊ မဆွေဆွေမာတို့၏ကြီးကြီး၊ မြေး ၁၅ယောက်တို့၏အဘွား ဒေါ်စိန်ရင်(ကညင်ပင်)သည် ၇–၅–၂၀၀၄(သောကြာနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄(တနင်္ဂနွေနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးစိန်ဝင်း(၇၈)နှစ်
(မြန်မာ့မီးရထား)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ငွေလမင်းရိပ်သာလမ်းသွယ်၊ အမှတ်(၅၅/စီ–၁)နေ (ဦးသက်ဝေ–ဒေါ်ငယ်)တို့၏သား၊ (ဒေါ်နွယ်)၏ခင်ပွန်း၊ ဦးစိုးတင့် (အင်ဂျင်နီယာမှူးကြီး၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်တောင်ပိုင်း)–ဒေါ်အေးအေးချစ်တို့၏ ချစ်လှစွာသောဖခင်၊ ကိုမျိုးကြည်စိုး–မအေးအေးခိုင်၊ကိုကျော်စွာစိုးတို့၏ချစ်လှစွာသောအဘိုးသည် ၆–၅–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင်ကွယ်လွန်သွားပါ၍ ၁၀–၅–၂၀၀၄(တနလာနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဗော်တာလူး (၇၆)နှစ်
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)၊ ဆည်မြောင်းဦးစီးဌာန

မ/၅၈(ခ)တောင်သူကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးယုဂျင်းလူး–ဒေါ်ကကျသရင်းဖိုးမြတ်)တို့၏သားကြီး၊ (ဒေါက်တာစောအယ်လ်ဖိုးရာလူး–နော်စေးစေးဖော)၊ (နော်အဲဘရက်တာလူး)–ဦးစောကျော်လှ၊ (ဦးစောရော့စကိုလူး)–နော်ကျင်ရီ၊ (ဦးစောဆိုင်းလပ်စ်လူး)–ဒေါ်လှမြင့်၊ ဒေါ်ဘီအက်ထရစ်လူး–ဦးစောမေးလယ်၊ ဦးစောဂျွန်လူး–ဒေါ်သောင်းမြ၊ နော်ချားရတီလူး–ဦးစောအီးနော့တို့၏ အစ်ကိုကြီး ဦးစောဗော်တာလူးသည် ၆–၅–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၈–၅–၂၀၀၄(စနေနေ့)နံနက် ၉နာရီတွင် ပြည်လမ်း၊ ယုဒသန်ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုကိုးကွယ် ပြီး ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အင်းစိန်နှင့် ရွှေပြည်သာနေအိမ်တို့မှကားများ နံနက်၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၂)၊ (၅၃)လမ်းနေ (ရွှေဒုံးထွန်းလွင်)၏ဇနီး၊ နောင်ထွန်းလွင်(ရုပ်ရှင်ဒါရိုက်တာ)–ဒေါ်တင်အေးမြင့်၊ ညီညီထွန်းလွင်(ရုပ်ရှင်ဒါရိုက်တာ)၊ ဒေါ်ယဉ်ထွန်းလွင်(အလပြဆရာမ)တို့၏ မိခင် ဒေါ်ခင်စိန်သည် ၆–၅–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄(စနေနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်လှကြည်(ခ)ဒေါ်ရွှေကြည်
အသက်(၇၇)နှစ်
(မော်လမြိုင်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ်(၈၄)၊ ဇလပ်ဖြူဂေဟာ (တတိယထပ်)နေ (ဦးပါလေး)၏ဇနီး၊ ဦးစိုးမြင့်–ဒေါ်ဌေးဌေးဝင်း၊ ဦးရဲမြင့်ထွန်းတို့၏မိခင်၊ မသီသီထွန်း(3rd Year, Eco)၏ အဘွားသည် ၇–၅–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၉–၅–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃–၅–၂၀၀၄(ကြာသပတေး)နေ့ နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်နှင်းရီ(ခ)
Kathleem Chang
အငြိမ်းစားဆရာမ၊ အထက–၈
St. Goseph Convent
အသက် (၆၈)နှစ်

မန္တလေးမြို့ (ဒေါက်တာကေဘီချမ်–ဒေါ်မြစိန်)တို့၏ သမီး၊ ကျောက်မဲမြို့နေ (ဦးဟုတ်လုံ–ဒေါ်ကျင်တိတ်)တို့၏ သမီးချွေးမ၊ မန္တလေးမြို့နေ (John Chang)၊ မုံရွာမြို့နေ(ဦးမျိုးခင်)–ဒေါ်ရီရီ(ခ) Marre Chang၊မကွေးမြို့နေ ဦးထွန်းသိမ်း(ခ) Aleh Chang – ဒေါ်ခင်သန်းနွဲ့တို့၏ ညီမ၊[ဦးသိန်းလွင်(ခ)Edward Chang] –ဒေါ်တင်မြင့်ကြည်၊ ရန်ကုန်မြို့နေ [ဦးကျော်အောင်(ခ) George Chang]–ဒေါ်ဝင်းဝင်း၊ ဦးတင်အေး–ဒေါ်ခင်ဆွေအေး(ခ)Rosle Chang Robert Chang–ဒေါ်ခင်အေးမြင့်၊ [ဦးမြင့်ဟန်(ခ) William Chang]၊ Hely Chang၊ ဦးစိုးသိန်း(ခ) Richard Chang–ဒေါ်ခိုင်ခိုင်ညွန့်၊ ဒေါ်ခင်ခင်ရီ(ခ) Steller Chang တို့၏ အစ်မ၊ ကျောက်မဲမြို့၊ (၅)ရပ်ကွက်၊ ချယ်ရီလမ်းနေ (ဦးအုန်းသန်း)၏ ဇနီး၊ မစန်းစန်းဦး၊ မောင်အောင်မင်းသောင်း၊ မောင်ထွန်းထွန်းသောင်း–မသင်းသင်းလွင်တို့၏ မွေးသမိခင်၊ ဟန်လင်းမောင်၏ အဘွားသည် ၆–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျောက်မဲမြို့တောင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးညီလေး (၈၆)နှစ်
သက်န်းပရိက္ခရာဆိုင်၊တောင်ကုတ်မြို့

တောင်ကုတ်မြို့၊ ဈေးတန်းရပ် ဦးဥတ္တမလမ်း၊ အမှတ်(၂)နေ (ဦးညီပု–ဒေါ်သွယ်)တို့၏ သားကြီး၊ (ဦးမောင်ကျော်–ဒေါ်ငွေစိန်ဖြူ)တို့၏ သားသမက်၊ ဒေါ်သိန်းခင်၏ ခင်ပွန်း၊ (ဦးတင်ကျန်–ဒေါ်မငွေ)၊ (ဦးထွန်းမြင့်)–ဒေါ်ခင်ရီတို့၏ အစ်ကို၊ ဦးတင်ငွေ–ဒေါ်သိန်းနွယ်၊ ဦးအောင်သန်း–ဒေါ်တင်တင်၊ ဦးအောင်မြင့်–ဒေါ်ခင်မြင့်ရီ၊ ဦးကျော်သန်း၊ (ဒေါ်သန်းခင်)၊ ဒေါ်ခင်ခင်သိန်း၊ ဦးခင်မောင်ရွှေ–ဒေါ်အေးအေးမူတို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေး၁၀ယောက်တို့၏ အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ တောင်ကုတ်မြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသောင်းလွင် (၇၂)နှစ်
MPPE (ငြိမ်း) ပုသိမ်မြို့ ရေနံဌာနခွဲ
(ပုသိမ်)

ပုသိမ်မြို့၊ အမှတ် ၁၃၆၇၊ သလပ်ခွာလမ်းနေ ဒေါ်စန်း၏ခင်ပွန်း၊ မောင်ဌေးလွင် MPPE(ရန်ကုန်တိုင်း)–မမြင့်မြင့်စန်းတို့၏မွေးသဖခင်၊ မောင်အောင်ကျော်ကျော်ဟန်၊ မဂျူးဂျူးရတနာလွင်တို့၏ အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈–၅–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် အလုပ်သမားဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကြည်စိန်(၆၆)နှစ်
(PLEX CHEM Co.,)
(ထားဝယ်)

ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်နေ (ဦးရန်းနား–ဒေါ်အင်သီ)တို့၏ သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းသွယ် (၅/B) အမှတ်(၅၈၀/E-2)နေ (ဒေါ်တင်နွယ်ခ၊ အငြိမ်းစား ပါမောက္ခ)၏ ခင်ပွန်း၊ (ဒေါ်ကြည်ပို)၊ ဦးကြည်လင် (ဒုညွှန်မှူး–ငြိမ်း၊ရေနံဓာတု Working Advisor Myanmar Tokiwa Co.,)–ဒေါ်မြတင်၊ (ဦးအန်ချိန်)–ဒေါ်လှကြည်၊ ဒေါ်စိန်တင်၊ ဦးနေအောင်–ဒေါ်ခင်ဟုန်တို့၏ ချစ်လှသော ညီ/မောင် ဦးကြည်စိန်သည် ၇–၅–၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၉–၅–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမများ။

ဦးဝင်းအောင် (ခ)
စောချေဂို (၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၈၁၀)၊ ပထမထပ်နေ (ဦးစစ်ကိုင်း–ဒေါ်စိန်) ယခင်ကျောက်ဆူးဘီစကွတ်တို့၏ သား၊ (ဦးမောင်စိန် – ဒေါ်ရှောင်လန်း)တို့၏ သားသမက်၊ ဒေါ်ရင်ရင်၏ ခင်ပွန်း၊ ဦးဝင်းထိန်၊ ဒေါ်နီနီစော–ဦးလှဦး၊ ဦးဝင်းစိန် (Pukka Container Transport)–ဒေါ်ခင်ခင်စန်းတို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈–၅–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအုန်းမြင့်(ခ)ဦးကနေဒီ
(Kennedy)
အသက်(၇၀)
(မြိတ်)

မြိတ်မြို့နေ(ဦးကနေဒီ–ဒေါ်ရှင်ကြည်) တို့၏သား၊ မြိတ်မြို့နေ ဒေါ်စောစောမြင့် (Daphne Kennedy)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိန်ဝင်း–ဒေါ်သန်းမြင့်၊ ဦးဝင်းမြင့်သိန်း–Dr.စောမြအေးတို့၏ အစ်ကို၊ ဦးလွင်ဦး–ဒေါ်မေမေမြင့်၊ ဦးကျော်ထွန်းဦး–ဒေါ်သီတာမြင့်၊ ဦးထွန်းကျော်လင်း–ဒေါ်သူဇာမြင့်၊ Peter Wu–ဒေါ်သန္တာမြင့်၊ Josephine-Kennedy တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ရန်ကုန်မြို့၊တိုက်(၆)၊ အခန်း(၁၈)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်နေအိမ်၌ ၆–၅–၂၀၀၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၈–၅–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်စံနုမေ(၆၇)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်နဂါးရွာနေ (ဦးဝေသာအောင်–ဒေါ်အေးသာဦး)တို့၏ သမီး ဦးသိန်းကျော်ရွှေ၊ တကကသိန်းလှရွှေ (ကကန)–ဒေါ်သန်းသန်းယု၊ ဦးစောနောင်(ခ) ဦးသိမ်းမောင်ရီ၊ ဒေါ်လှဝင်းကြည်၊ ဦးတင်ဝင်း–ဒေါ်သန်းနု၊ ဦးသန်းကျော်–ဒေါ်အိအိခင်တို့၏ မိခင်၊ မြေး၁၂ ယောက်တို့၏ အဘွား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၇၁)အနော်မာ(၂)လမ်းနေ ဒေါ်စံနုမေသည် ၇–၅–၂၀၀၄ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ရက်ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဌေးမြင့်(ကိုသားငယ်)
အသက်(၄၃)နှစ်
စီဒီစီ–၁၂၃၈၃
အထက(၁) မင်္ဂလာတောင်ညွန့် ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၂)လမ်းအမှတ်(၂၁)နေ (ဦးလှမောင်)–ဒေါ်အုန်းကျင်တို့၏ သား၊ ဦးအေးမြင့်–ဒေါ်မိုးကြည်တို့၏ ညီ/မောင်၊ မကျော့ကျော့ခိုင် (Omic Myanmar Co., Ltd.)၊ မောင်ဘုန်းမော်တို့၏ အစ်ကိုကြီးသည် ၆–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၂၁)၊ (၁၂)လမ်း နေအိမ်နှင့် အမှတ်(၈)၊ (၁၂၈)လမ်း နေအိမ်တို့မှ ကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

မောင်သူရညွန့်(ခ)ဇော်မိုးအောင်
အသက်(၃၅)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၆ရပ်ကွက်၊ ရဲရန်အောင်လမ်း၊ အမှတ်(၂၂၁)နေဒုရဲမှူးညွန့်တင်(ငြိမ်း)–ဒေါ်အေးအေးမြင့်(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးကောင်စီရုံးငြိမ်း)တို့၏သားကြီး၊ ဒေါ်သန်းအေး(ကစလ–ငြိမ်း)၊ ရဲတကသီဟညွန့် (မ/ဥက္ကလာပ၊ မနမရုံး)–ဒေါ်တင်သိန်းကြည်(ရန်ကုန်စာတိုက်ကြီး)၊ မောင်ဇေယျာညွန့်၊ မမေသူညွန့်တို့၏ အစ်ကိုကြီး၊ မဝင်းအောင်၏ ခင်ပွန်း၊ မဝင်းလဲ့ညွန့်၊ မောင်ဟိန်းမင်းသော်၊ မနှင်းနုနုတို့၏ ဖခင် မောင်သူရညွန့်(ခ) ဇော်မိုးအောင်သည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပေါ(၇၉)နှစ်
(မြင်းခြံ)

မြင်းခြံမြို့၊ အမှတ်(၃)ရပ်ကွက်နေ(ဦးထွန်းနိုင်–ဒေါ်ဖွားအုံ)တို့၏သမီး၊ (ဦးတင်မောင်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးဘိုဝင်း(ပညာရေးစီမံကိန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)–ဒေါ်ခင်မော်၊ ဦးအုန်းမောင်–ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးခင်မောင်အေး–ဒေါ်လှလှဝင်း၊ ဗိုလ်ကြီးသန်းဆွေဝင်း(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)–ဒေါ်စိုးပပ၊ ဦးဝင်းမြင့်သိန်း–ဒေါ်သန္တာဦးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၆–၅–၂၀၀၄ရက်တွင် မြင်းခြံမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ရက် နံနက် ၉နာရီတွင် ရွာဇီသို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်ဝင်းစိန်(ခ)ဒေါ်ဖုရ်ဂျန်ဘီ
အသက်(၆၉)နှစ်
(ခါလာကြီးကားပစ္စည်းဆိုင်၊ဘုရင့်နောင်ဈေး)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ အမှတ်(၉၁) ၁၀၁လမ်းနေ ဟာဂျီဦးတင်သိန်း(ဥက္ကဋ္ဌ၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အထက–၁၊မင်္ဂလာတောင်ညွန့်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်သန်းဝင်း(ခ)မရိုစီ–ဦးလှမြင့်၊ ဦးတင်ဝင်း(Brown & Stone Computer Embroidery)–ဒေါ်ချမ်းမြဇာခြည်ဝင်း၊ ဒေါ်မိမိချို(ရွှေအိမ်စံ၊ ရွှေဝင့်ဝါအထည်ဆိုင်၊ ဗိုလ်ချုပ်ဈေး)–ဦးဇော်မင်းဦး၊ ဒေါ်ခင်မာဝင်း–ဦးမျိုးထွဋ်၊ ဒေါ်ခင်မာကြည်–ဦးဇော်မင်းတို့၏မိခင်ကြီး၊ မြေး၁၀ ယောက်တို့၏အဘွားသည် ၆–၅–၂၀၀၄ရက်တွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေအစ္စာလ်နမာဇ်အပြီးရေဝေး မွတ်စလင်ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဟုတ်ကြူ(ခ)ဦးမြင့်သိန်း
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၄၃)နေ ဦးဝါရှိန်–ဒေါ်ခင်နွယ်တို့၏ သား၊ အမှတ်(၃၄)၂၉ လမ်းနေ ဦးရွှေဝင်း–ဒေါ်သိန်းတို့၏ သားသမက်၊ မအေးအေးမာ၏ ချစ်လှစွာသောခင်ပွန်း၊ မမိုးကြူအေး၊ မခင်ကြူမွေး၊ မကြူကြူဖွေးတို့၏ ချစ်လှစွာသောဖခင် ဦးဟုတ်ကြူ(ခ)ဦးမြင့်သိန်းသည် ၇–၅–၂၀၀၄(သောကြာနေ့)ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြည် (၈၄)နှစ်
ကန်တော်ကလေး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်(၁၀၄)၊ ငါးလွှာ(ယာ)နေ (ဦးဘချို)၏ဇနီး၊ဦးမြင့်ဦး–ဒေါ်ရီဒီယာ၊ ဦးထွန်းငွေ(မြန်မာ့အသံ) – ဒေါ်မြင့်မြင့်စိန်၊ ဦးတင်မောင်လတ်(ဇင်ယော်ပွဲရုံ)–ဒေါ်မြင့်မြင့်ဆွေ၊ ဦးတင်မောင်လတ် (Huap Choon Co., Ltd)–ဒေါ်မြင့်မြင့်သန်း တို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ အဘွား ဒေါ်ခင်ကြည်သည် ၅–၅–၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်ပါသဖြင့် ယင်းနေ့ညနေတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်ရွှေ အသက်(၇၀)
(သံတွဲမြို့၊ပြည့်ဝ)

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ပြည့်ဝရွာနေ ဦးညီချစ်ဦး–ဒေါ်မယ်မြတို့၏ သား၊ သံတွဲမြို့ ဗိုလ်ချုပ်လမ်းနေ ဦးတင်ဖေ–ဒေါ်အေးညွန့်တို့၏ ညီ၊ ရန်ကုန်မြို့၊ အမှတ်(၂၇)၊ရွှေဟင်္သာလမ်း၊(၁)ရပ်ကွက် ဒဂုံအရှေ့မြို့နယ်နေ၊ ဒေါ်တင်လှ၏ ခင်ပွန်း၊ဆရာတော်ဦးသုမန(မူလမင်းကွန်း)၏ ဦးလေး၊ ဦးသန်းဝေ–ဒေါ်တင်တင်ဦး၊ ဗိုလ်ကြီးခင်မောင်ဌေး–ဒေါ်အေးအေးစိုး (မ/စိုက်ပျိုးရေး–မှော်ဘီ)၊တကဘဏ်စိုး (တပ်မတော်–ရေ) – ဒေါ်စန်းစန်းဝင်း၊ ကိုရန်နိုင်စိုး၊ မဇင်မာစိုး(ကညန၊မြင်သာ) တို့၏ဖခင်၊ မြေငါးယောက်တို့၏ အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှကားများ မွန်းလွဲ ၂နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြည်မြင့် အသက်(၇၀)
(ရေယာဉ်မှူး၊ငြိမ်း)
ရေလမ်းထိန်းသိမ်းရေးဦးစီးဌာန

ရန်ကုန်မြို့၊အလုံမြို့နယ်၊အမှတ် (၃၈)၊ ဝေဘာဂီလမ်းနေ၊ ကြို့ပင်ကောက်မြို့ (ဦးမှျင်–ဒေါ်ရင်မေ)တို့၏သား၊ ဒေါ်အုန်းတင်၏ခင်ပွန်း၊ (ဦးထွန်းတင်)၊ ဦးချစ်တင်–(ဒေါ်ရင်နု)၊ ဒေါ်ခင်သန်းတို့၏ ညီ/မောင်၊ ဦးတင်ဝင်း–ဒေါ်ခင်ကြို၏ အစ်ကို၊ ဦးအောင်ဝင်း–ဒေါ်လှလှ၊ ဦးတင်မောင်ရွှေ–ဒေါ်အမာ၊ ဦးတင်မောင်ငွေ၊ ဦးတင်မောင်သန့်–ဒေါ်သိန်းသိန်းအေး၊ မညိုညိုချော၊ မနီနီချော၊ ဦးလှိုင်ဦးအောင်–ဒေါ်ဖြူဖြူချော၊ ဦးတင်မောင်စိုး–ဒေါ်ဝေဝေခိုင်၊ မမျိုးမမချောတို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဦးစောဗော်တာလူး(၇၆)နှစ်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ဆည်မြောင်းဦးစီးဌာန

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အမှတ် မ/၅၈(ခ)၊ တောင်သူကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်နေ (ဦးယူဂျင်းလူး–ဒေါ်ကကျသရင်းဖိုးမြတ်)တို့၏ သားကြီး၊(ဒေါ်ဟယ်လင်လူး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်ဇော–(ဒေါ်ဟဲနာသင်း)၊ ဒေါ်ဂျယ်နီလူး–ဦးဗစ်တာမိုင်းနပ်စ်၊ ဒေါ်စင်ဒီလူး–ဦးရဲထွဋ်သိန်း၊ ဒေါ်ကေသီလူး–ဦးစောလူးသယ်၊ ဒေါ်ဝင်ဒီလူး–ဒေါက်တာစောခင်မောင်ထွေး၊ ဦးအောင်ကျော်လတ်–ဒေါက်တာနော်ဝါးဆက်ဖိုး၊ ဦးအောင်ကျော်ထွေး – ဒေါက်တာနော်ခေမာချိန် တို့၏ဖခင်၊ မြေး၁၆ယောက်တို့၏ အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၈–၅–၂၀၀၄ (စနေနေ့) နံနက် ၉နာရီတွင် ပြည်လမ်း၊ ယုဒသန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီးရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အင်းစိန်နှင့် ရွှေပြည်သာ နေအိမ်မှ ကားများ နံနက် ၈နာရီ ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးသိန်းမောင်အသက်(၇၀)
(ရွှေပန်းထိမ်)၊ ခင်ဦးမြို့

ခင်ဦးမြို့၊အောင်သီရိရပ်နေ(ဦးဘဝင်း–ဒေါ်ရင်)တို့၏သား၊ဒေါ်ကိုး၏ခင်ပွန်း၊ ဒေါ်စန်းစန်းအေး၊ ဦးမင်းနိုင်–ဒေါ်ကြည်မာ၊ဦးညီညီ–ဒေါ်ခင်ခင်ဆွေ (မိုးကုတ်မြို့)၊ ဒေါ်အေးအေးနွယ် (သရုပ်ပြ၊ သတ္တဗေဒဌာန၊မန္တလေးတက္ကသိုလ်)၊ ဒေါ်အေးအေးငယ်–ဦးတင်စိုးနိုင်၊ ဒေါ်အေးအေးသွယ်တို့၏ဖခင်၊ မောင်အာကာမင်းနိုင်၊ မောင်ဇင်ဦး၊ မခင်ဦးမွန်၊ မောင်သတိုးနိုင်တို့၏အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈–၅–၂၀၀၄ရက်တွင် ခင်ဦးမြို့ သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မေဝင်း (၄၂)နှစ်
(သိန်းမင်း ငရုတ်ဆိုင်၊ မိတ္ထီလာဈေး)

မိတ္ထီလာမြို့၊ ပွဲစားတန်းနေ (ဦးပျော့–ဒေါ်စိန်မြ)တို့၏ သမီး၊ ဦးစိန်ရွှေ၊ ဦးစိန်ငွေတို့၏ တူမ၊ မခင်စော၊ မခင်ပေါ၊ (ကိုမောင်ငွေ)၊ ဒုတိယဗိုလ်မှူးကြီးမြသန်းထွန်း၊ မခင်ဝင်းကြည်၊ ကိုဝင်းဗိုလ်(ခ) ပဲကြီး၊ မခင်ဝင်းကြိုင်၊ ကိုမောင်မောင်၊ မခင်သိန်းကျော် (စိန်မြ ဆား၊ငါးပိ၊ ငံပြာရည်)တို့၏ချစ်လှစွာသောညီမ၊ ဦးစိုးတင့်၏ ဇနီး၊ မသန္တာစိုး (နောက်ဆုံးနှစ်၊ စိုက်ပျိုးရေး)၊ သားကြီးတို့၏ မိခင်သည် ၄–၅–၂၀၀၄ရက် ညနေ၇နာရီတွင် ကွယ်လွန်ပါ၍ ၅–၅–၂၀၀၄ရက် ညနေ ၄နာရီတွင် မိတ္ထီလာ၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူဆွေမျိုးတစ်စု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၈၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးခဲ့ လက်နက်ကိုင်သောင်းကျန်းမှုချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရန် ပိုလုပ်နိုင် ဌာနဆိုင်ရာဝန်ထမ်းများ တာဝန်ကျသည့်ပြည်နယ်ကို မိမိရပ်ရွာလို သဘောထား၍ ပိုမိုတိုးတက်အောင်ကြိုးပမ်း

ရန်ကုန် မေ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မေ ၅ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ကယားပြည်နယ် လွိုင်ကော်မြို့သို့ နံနက် ၈နာရီ ၁၅မိနစ်တွင် ရောက်ရှိသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား လွိုင်ကော်လေဆိပ်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် ပြည်နယ်မှ ဌာနဆိုင်ရာများ၊ ဒေသခံများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ မြို့တော်ခန်းမသို့ သွားရောက်ပြီး ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားပြီးနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် မိုးကုတ် အထက(၁) မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ တက်ရောက် ချီးမြှင့်

ရန်ကုန် မေ ၇

မန္တလေးတိုင်း မိုးကုတ်မြို့နယ် ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်း ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၁၀နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိုးကုတ်မြို့နယ် ကျပ်ပြင် အခြေခံပညာ အထက်တန်းကျောင်း ရွှေရတနာ သုံးထပ်ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)